# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှင်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၆၅)၊ အမှတ်(၃၀၈)


## ဒီရေတောများက သဘာဝဘေးကို ကာကွယ်ပေး

ဒီရေတောများသည် လေပြင်းမုန်တိုင်းများနှင့် ဆူနာမီရေလှိုင်းများ၏ အန္တရာယ်မှလျော့ကျစေရန် ကာကွယ်ပေးခြင်း၊ မြေပေါ်နှင့်မြေအောက် ရေချိုအရင်းအမြစ်များအတွင်း ရေငန်ဝင်ရောက်ခြင်းနှင့် ကမ်းခြေဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းကမ်းပါးများ ရေတိုက်စားပြီး မြေပြိုမှုအန္တရာယ်တို့မှလည်း ကာကွယ်ပေးခြင်းကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဝဲန်မြစ်ရေကာတာတမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေကြီးရေလျှံမှုများဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ ဝဲန်မြစ် ရေကာတာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ရေကြီးရေလျှံဖြစ်ပွားမှုနှင့်ပတ်သက်၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## တာတမံမြေနိမ့်ကျမှုများ ထပ်မံမဖြစ်ပေါ်စေရေး လိုအပ်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်းလုပ်ငန်းများ ကြိုတင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၈

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဝဲန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟသ်ာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဝဲန်မြစ်ရေကာတာတမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ရက်ကန်းစက်များနှင့် ဆက်စပ်ပစ္စည်းများကို ဆယ်တင်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့ရှိ အမှတ်(၇) အထည်စက်ရုံခွဲ(ဝမ်းတွင်း) တွင် မန္တလေးငလျင်ကြီးကြောင့် စက်ရုံအဆောက်အအုံများ ပျက်စီးခဲ့သော်လည်း ရက်ကန်းစက်များနှင့် ဆက်စပ်ပစ္စည်းများကို ဆယ်တင်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး ဆောင်ရွက်နေပြီဖြစ်ကြောင်း အဆိုပါစက်ရုံမှ သိရသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❏

## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်




နေပြည်တော် ဩဂုတ် ၈

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် မြောက်ပိုင်းတို့တွင် လေဖိအား နည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ မိုး/ဇလ


**ယနေ့ ဖတ်စရာ**

လွှမ်းခြုံအောင်မြင် ခရီးစဉ်မှသည် ယုံကြည်လျှောက်လှမ်း အနာဂတ်လမ်းသို့ — ဆောင်းပါး — စာ ၈

လူငယ်ကဏ္ဍ တိုးတက်စေကြောင်း… — ဆောင်းပါး — စာ ၁၂

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ် ထည့်သွင်းတွက်ချက်

မိမိတို့နိုင်ငံသည် ပထဝီဝင်အနေအထားအရ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားနိုင်သည့်အလားအလာများ မြင့်မားသည့်နိုင်ငံများထဲတွင် ပါဝင်သည်။ ကမ်းရိုးတန်းများ၊ တောင်ကုန်းတောင်တန်းများနှင့် ကုန်းပြင်မြင့်များ၊ မြစ်ကြီးများနှင့် မြစ်ဝှမ်းများ၊ ပြတ်ရွေ့များ စသည်တို့ကြောင့် မုန်တိုင်းတိုက်ခတ်ခြင်း၊ တောင်ပြိုမြေပြိုခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေငလျင်လှုပ်ခြင်း စသည့်သဘာဝဘေးများ ကြုံတွေ့ရနိုင်သည်။ ထို့အပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ်များ မကြုံစဖူးဖြစ်ပေါ်ခြင်း၊ ပို၍ပြင်းထန်ခြင်း၊ ပို၍အကြိမ်ရေများပြားလာခြင်းတို့လည်း ဖြစ်လာနိုင်သည်။

ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံတွင် မုန်တိုင်းများ၊ ရေကြီးရေလျှံမှုများနှင့် ငလျင်လှုပ်ခတ်ခြင်းတို့ကြောင့် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ မိုခါမုန်တိုင်းကြောင့် ငွေကျပ် ၅၃၄ ဘီလီယံကျော်၊ ရာဂီမုန်တိုင်းကြောင့် ငွေကျပ် ၄၆၆ ဘီလီယံကျော်နှင့် မန္တလေးငလျင်ကြီးကြောင့် ငွေကျပ် ၃၆၂၉ ဘီလီယံကျော်ဆုံးရှုံးခဲ့သည်။ မိမိတို့နိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုလုပ်ငန်းများကို ထိခိုက်စေမည့်အန္တရာယ်များအဖြစ် သတိပြုကြရမည်ဖြစ်သကဲ့သို့ နှစ်စဉ်ကြုံတွေ့နေရမည့် ဖြစ်စဉ်များအဖြစ် မျှော်မှန်းထားကြရမည်ဖြစ်ပြီး ဒေသများအလိုက် ကြုံတွေ့နိုင်သည့် သဘာဝဘေးများကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ကြစေရန် ပြင်ဆင်မှုကာကွယ်မှုများ ပြုလုပ်ကြရမည်ဖြစ်သည်။

"မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝန်းကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှု အစရှိသည့် အမျိုးမျိုးသောအကြောင်းအရာများကြောင့် ယခုကဲ့သို့ကိစ္စရပ်များ ရှိနေဦးမည်ဖြစ်ကြောင်း၊ ရှိလာသည့်အခါတွင်လည်း ထိခိုက်ပျက်စီးမှုများ လျော့နည်းသည်ထက်လျော့နည်းစေရေး နောက်ပိုင်းတွင် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး၏ အဓိကရည်မှန်းချက်ဖြစ်သည့် ဘေးဒဏ်များမှ ကြံ့ကြံ့ခံရမည်ဟူသည့် အနေအထားအထိရောက်အောင် မိမိတို့အားလုံးအတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြရန် ထပ်လောင်းမှာကြားလိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင်လည်း လက်ရှိကြုံတွေ့နေရသည့်ဘေးအန္တရာယ်များအပြင် နောင်ဖြစ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များအတွက်ပါ ကြိုတင်ထည့်သွင်းတွက်ဆပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း" နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က လေးမျက်နှာမြို့နယ်အတွင်း ရေဘေးသင့်ခဲ့ရသည့်ဒေသများအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းသည့်အခမ်းအနား အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံအတွင်း နေရာဒေသအနှံ့အပြားတို့တွင် မိုးရွာသွန်းမှုများပြားလျက်ရှိပြီး မြစ်ချောင်းများရေကြီးရေလျှံမှုနှင့် မြို့ရွာဒေသအချို့တွင် ရေဝင်ရောက်ခြင်း၊ ကားလမ်းများရေကျော်ဖုံးလွှမ်းခြင်း စသည်တို့ဖြစ်ပွားနေကြောင်း သတင်းများတွင်တွေ့ရှိရသည်။ ရေဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားရာတွင် လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟသ်ာတ၊ ရေကြည်နှင့် ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိရာ ကူညီကယ်ဆယ်ရေးနှင့် တာတမံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ရေကြီးရေလျှံမှုများမှာ မုတ်သုံရာသီမိုးရွာသွန်းမှုများပြားခြင်း၊ မုန်တိုင်းများဝင်ရောက်ခြင်း စသည့်အကြောင်းများကြောင့် နှစ်စဉ်ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်လာနေပြီဖြစ်သည်။ ရေကြီးရေလျှံမှုများမှာ မြစ်ချောင်းများမှ စီးဆင်းနိုင်သည့်ပမာဏထက် များပြားသောရေများ စီးဆင်းလာခြင်းကြောင့် လျှံထွက်လာခြင်းဖြစ်ရာ မြစ်ကြောင်းများ၊ ချောင်းများ ရေစီးရေလာပြုပြင်ထိန်းသိမ်းခြင်း၊ မြစ်ကြမ်းခင်းအောက်ခြေများ မြင့်တက်လာခြင်းတို့ကို တူးဖော်ဖယ်ရှားခြင်း၊ မြစ်ကမ်းဝဲယာများတွင် တာတမံများတည်ဆောက်ခြင်း၊ မြစ်ညာဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ တရားမဝင်သတ္တု၊ ရွှေ စသည်တို့တူးဖော်ခြင်းများကိုတားမြစ်ခြင်း စသည်တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သဘာဝဘေးများမှာ မဖြစ်အောင်တားဆီး၍မရနိုင်ဘဲ လူ့အဖွဲ့အစည်းအသိုက်အဝန်းတို့ကို မပျက်မစီးဘဲ ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန်အတွက်သာ ခိုင်ခိုင်မာမာ ကြိုတင်ပြင်ဆင်တည်ဆောက်ထားကြရမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများတွင် သဘာဝဘေးအန္တရာယ်များကြောင့် သမင်မွေးရင်း၊ ကျားစားရင်း ဆုံးရှုံးမှုများ မဖြစ်စေရန် ထည့်သွင်းတွက်ချက်ဆောင်ရွက်ကြခြင်းဖြင့် ဆုံးရှုံးမှုများမှ ရှောင်လွှဲကြရပါမည့်အကြောင်း။ ။

---

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | |
|---|---|
| ပထမပတ် | - မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

---

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY
2026
DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား "

---

**၈ - ၈ -၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၀၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

---

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဩဂုတ် ၈**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉ - ၈ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၄၀ | ၃၉၉၅ | ၃၉၄၅ | ၃၈၉၅ | ၄၀၀၀ | ၄၀၁၅ | ၄၀၄၅ | ၃၉၂၅ | ၄၂၉၅ | ၄၃၂၅ | ၃၉၄၅ | ၄၀၅၅ | ၄၀၃၅ | ၃၉၉၅ | ၄၀၀၅ | ၄၂၃၅ |
| 95 Ron | ၃၉၅၀ | ၄၁၀၅ | ၄၀၅၅ | ၃၉၆၅ | ၄၁၀၀ | ၄၁၂၅ | ၄၁၆၀ | ၄၀၃၅ | ၄၄၀၅ | ၄၄၃၅ | ၄၀၅၅ | ၄၁၅၅ | ၄၁၅၀ | ၄၁၀၅ | ၄၁၁၅ | ၄၃၄၅ |
| HSD (500 ppm) | ၄၁၅၅ | ၄၃၀၀ | ၄၂၅၅ | ၄၁၇၀ | ၄၃၀၅ | ၄၃၂၀ | ၄၃၅၀ | ၄၂၃၅ | - | ၄၆၁၅ | ၄၂၅၅ | ၄၇၉၀ | ၄၃၄၀ | ၄၃၀၀ | ၄၃၁၀ | ၄၅၃၀ |
| HSD (50 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၀ | ၅၂၅၅ | ၅၁၃၅ | ၅၅၀၅ | ၅၅၃၀ | ၅၁၅၅ | ၅၃၅၅ | ၅၂၄၅ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |
| HSD (10 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၀ | ၅၂၅၅ | ၅၁၃၅ | | ၅၅၃၀ | ၅၁၅၅ | ၅၃၅၅ | ၅၂၄၅ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၃၈ | ၃၇၄၅ |
| 95 Ron | ၃၇၄၅ | ၃၈၅၄ |
| HSD (500 ppm) | ၃၉၅၅ | ၄၀၆၃ |
| HSD (50 ppm) | ၄၈၀၈ | ၄၉၃၄ |
| HSD (10 ppm) | ၄၈၀၈ | ၄၉၃၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

---

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဟန်လင်းအောင် | အကြီးတန်းသတင်းထောက် | - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| စာတည်းမှူး | - ခင်ရတနာ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာတည်းများ | - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့်အဖွဲ့ |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ |

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

E-paper

❖ *ရှေ့မှ*

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်း၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ တာတမံပြုပြင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ

ဦးစွာ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ငဝန်မြစ်ရေကာတာတမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေကြီးရေလျှံဖြစ်ပွားမှုဆိုင်ရာများနှင့် တာတမံ၏ သမိုင်းကြောင်းဆိုင်ရာများ၊ လေးမျက်နှာမြို့နယ်၊ ငဝန်တာ တာမိုင် ၂၅/၃ အနီး တာအိတာလျှောဖြစ်ပွားမှုနှင့် သဲဗွက်ဖြစ်ပွားမှုအခြေအနေများ၊ လူနေရပ်ကွက်များ၊ အခြေခံပညာကျောင်းများအတွင်း ရေဝင်ရောက်မှုအခြေအနေများ၊ ရေကြီးရေလျှံမှု စတင်ဖြစ်ပွားချိန်မှစ၍ ဘေးသင့်သူများအား ရှာဖွေကယ်ဆယ်ရေး၊ ဘေးလွတ်ရာကို ရွှေ့ပြောင်းပေးရေး၊ စားရေရိက္ခာများထောက်ပံ့ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မြစ်ရေတိုက်စားပြိုကျမှုမှ ကာကွယ်ခြင်းတို့ကို အရှိန်အဟုန်မြှင့် တာဝန်ယူဆောင်ရွက်လျက်ရှိမှု၊ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ လာရောက်ကြသည့် ပရဟိတကားများအတွက် စက်သုံးဆီများဖြန့်ဖြူးဆောင်ရွက်ထားရှိမှု၊ ကျုံပျော်မြို့နယ်အတွင်း ရေဝင်ရောက်လာနိုင်မည့်ကျေးရွာများအား ရေဘေးရှောင်စခန်းများသို့ ကြိုတင်ပြောင်းရွှေ့ပေးနိုင်ရေး အစီအမံရေးဆွဲထားရှိမှု၊ ရေကျသွားသည့် နေရာများမှ စာသင်ကျောင်းများ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်၍ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရေများ ပြန်လည်ကျဆင်းလျက်ရှိမှုနှင့် ရောဝတီတိုင်းဒေသကြီးအတွင်း ရေငန်ဝင်ရောက်သည့် မြစ်ကြီးများနှင့် ရေငန်ဝင်ရောက်မှုအခြေအနေများ၊ ရေငန်ဝင်ရောက်မှုကာကွယ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမြထွန်းဦး၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများက တမံကျိုးပေါက်မှုဖြစ်စဉ် စတင်ခဲ့သည့် ဇူလိုင်လ ၃၁ ရက်နေ့မှစပြီး ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိ

❖ **ရောဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်း ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်နှင့် မြစ်အထက်ပိုင်းမှ စီးဆင်းလာသည့် ရေများအားလုံး လူနေထိုင်ရာနေရာများသို့ ဝင်ရောက်မှုမရှိဘဲ ရေစီးကြောင်းအတိုင်း စီးဆင်းသွားနိုင်ရေး စနစ်တကျသုတေသန ပြုဆောင်ရွက်သွားနိုင်ရန်လို**

❖ **မြစ်ချောင်းများ၏ မြစ်ကြမ်းခင်း Bed Level များကို စောင့်ကြည့်ပြုပြင်ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက ရေငန်ဝင်ရောက်မှုများကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်၊ ရေငန်ဝင်ရောက်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်စေနိုင်၊ ထို့ကြောင့် ရေငန်တားတာများ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ မြစ်ချောင်းများ၌ Low Head Dam များဆောက်လုပ်ခြင်းဖြင့်လည်း ရေငန်ဝင်ရောက်မှုကို လျှော့ချနိုင်၊ မြေအနိမ့်အမြင့်အပေါ်မူတည်၍ အပိုင်းလိုက်ဆောင်ရွက်သွားကြရန်လို**

ပြည်ထောင်စုဝန်ကြီးဌာနတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ စေတနာလုပ်အားရှင်များ စုပေါင်းပြီး တုတ်တန်းရိုက်၊ ဝါးထရံကာခြင်း၊ Geobag ချခြင်း၊ ကရိန်းရေယာဉ်ဖြင့် ရေဝင်လမ်းအထက်၌ သဲအိတ်ချခြင်း၊ သံခွံCB တွဲဖြင့် သဲဖြည့်မြှုပ်ချပြီး ရေဝင်ထိန်းကာကွယ်ခြင်း၊ ပန်းတာ၏ ဘယ်ညာတို့တွင် သဲအိတ်ချပိတ်ခြင်း စသည်တို့ကို အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိမှု၊ ရေဘေးသင့်ဒေသများတွင် လှုပ်ရှားဆေးအဖွဲ့များဖြင့် အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ သောက်သုံးရေနှင့် ကျန်းမာရေးနှင့်အညီ သန့်ရှင်းသည့် အစားအသောက်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ လိုအပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းများ လုံလောက်စွာရရှိရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ရေဝင်နစ်မြုပ်ခဲ့သည့် စိုက်ပျိုးလယ်ယာများအားစစ်ဆေး၍ ပြန်လည်စိုက်ပျိုးရန် လိုအပ်သည့် စပါးစိုက်ခင်းများ၌ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး စပါးမျိုးများ စုဆောင်းထားရှိမှုနှင့် အခြားလိုအပ်သည်များကို ပြင်ဆင်စီမံဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စက်ယန္တရားများပြင်ဆင်ထားရှိမှု၊ တောင်သူများအနေဖြင့် ရေကျသွားချိန်တွင် အချိန်မီစိုက်ပျိုးနိုင်ရေး မြေပြုပြင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိမှု၊ တာတမံများ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် ရေပြန်လည်ကျဆင်းသွားသည့်အချိန်တွင် ရထားလမ်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအပါအဝင် ပို့ဆောင်ရေးလုပ်ငန်းများ မူလအတိုင်း ပြန်လည်ဆောင်ရွက်နိုင်ရေး စီမံထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

## ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မူလကမ်းရင်းတာနှင့် ငဝန်တာ(မြစ်ကျိုးပန်းတာ)တို့တည်ဆောက်ခဲ့မှုနှင့် ပြုပြင်ထိန်းသိမ်းခဲ့မှုအခြေအနေများ၊ ရောဝတီတိုင်းဒေသကြီးအတွင်း ယခင်က တာကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့မှုအခြေအနေများ၊ ယခုရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ရေဘေးသင့်ပြည်သူများကို ကူညီဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားသည့် ဒေသများရှိ ပြည်သူများ၏ တစ်ကိုယ်ရေကျန်းမာရေးနှင့် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာရရှိရန်လိုကြောင်း၊ ရေနစ်မြုပ်ပျက်စီးခဲ့သည့် စပါးစိုက်ခင်းများအား ပြန်လည်စိုက်ပျိုးသွားမည်ဆိုပါကလည်း အောင်မြင်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ စပါးပြန်လည်စိုက်ပျိုးရန် စိုက်ပျိုးချိန်အခက်အခဲရှိပါက အခြားသီးနှံများကို စိုက်ပျိုးသွားကြရန်လိုကြောင်း၊ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့် ယန္တရားများကို ကြိုတင်ရွှေ့ပြောင်းထားရန်နှင့် လိုအပ်သည့် စက်သုံးဆီများကိုလည်း ကြိုတင်စုပုံထားရှိသွားရန်လိုကြောင်း၊ တမံနိမ့်ကျပျက်စီးသွားသည့်နေရာအား ယာယီပြန်လည်ထိန်းသိမ်းဆောင်ရွက်ရာတွင် အချိန်တိုအတွင်း အလျင်အမြန်ပြီးစီးအောင် ဝိုင်းဝန်းတိုင်ပင်ဆွေးနွေးပူးပေါင်းဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ရေကြီးရေလျှံမှု အချိန်ကာလကြာမြင့်နေမည်ဆိုပါက လူများ၏နေထိုင်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများ ပိုမိုများပြားစေမည်ဖြစ်သဖြင့် ရေကျော်စီးဝင်ခဲ့သည့်ရေများ အမြန်ပြန်လည်ကျဆင်းနိုင်ရေး ရေဆင်းလမ်းကြောင်းများ စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုမိုးရာသီကာလအတွင်း တာတမံမြေနိမ့်ကျမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက်လည်း လိုအပ်သည့်မြေပြင်ကွင်းဆင်း စစ်ဆေးတိုင်းတာခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုတင်ဆောင်ရွက်သွားရန်လိုကြောင်း ဖြည့်စွက်မှာကြားသည်။

## သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးနိုင်ရေးနှင့် ပထဝီဝင်အနေအထားအရ ပေးအပ်ထားသည့် အရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချနိုင်ရေး

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မကြာသေးမီကာလအတွင်းက ငဝန်ရေကာတာနိမ့်ကျ၍ ရေကျော်စီးဝင်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လူသားတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကို ရှောင်လွှဲ၍ မရနိုင်သော်လည်း လူတို့၏လုပ်ဆောင်ချက်များဖြင့် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိဆောင်ရွက်နိုင်ပြီး သဘာဝဘေးအန္တရာယ်မလွဲမသွေ ရင်ဆိုင်ကြုံတွေ့လာရပါကလည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မည်ကဲ့သို့ အဆင့်အလိုက်ဆောင်ရွက်ရမည်ကိုလည်း သိရှိနားလည်ကြရန်လိုကြောင်း၊ မိမိယခုလာရောက်ခဲ့ခြင်းသည်လည်း ယခုကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်ကို ကျော်လွှားနိုင်ရေး မည်သို့ဆောင်ရွက်ရမည်ကို သိရှိလို၍ လာရောက်ကြည့်ရှုစစ်ဆေးခြင်းပင်ဖြစ်ကြောင်း၊ မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများအားလုံး၏ ရေစီးရေလာမှုနှင့် ရေဝင်ရေထွက်မှုများ၊ မြစ်ကြမ်းခင်း Bed level များအား စဉ်ဆက်မပြတ်သုတေသနပြုမှတ်တမ်းတင်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ လိုအပ်သည့် ရေကြောင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် နုန်းဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည်ဖြင့်ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ်ဖြစ်ပွားမှုကို ကြိုတင်တားဆီးကာကွယ် လျှော့ချခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ သို့ဖြစ်၍ ဆည်မြောင်းနှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျ စဉ်ဆက်မပြတ် လေ့လာဆန်းစစ် သုံးသပ်စောင့်ကြည့်ဆောင်ရွက်နေကြရန်လိုကြောင်း။

ရောဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်း ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်နှင့် မြစ်အထက်ပိုင်းမှ စီးဆင်းလာသည့် ရေများအားလုံး လူနေထိုင်ရာနေရာများသို့ ဝင်ရောက်မှုမရှိဘဲ ရေစီးကြောင်းအတိုင်းစီးဆင်းသွားနိုင်ရေး စနစ်တကျသုတေသနပြုဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မြစ်ချောင်းများ၏ မြစ်ကြမ်းခင်း Bed Level များကို စောင့်ကြည့်ပြုပြင်ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက ရေငန်ဝင်ရောက်မှုများကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ရေငန်ဝင်ရောက်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် ရေငန်တားတာများတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ မြစ်ချောင်းများ၌ Low Head Dam များဆောက်လုပ်ခြင်းဖြင့်လည်း ရေငန်ဝင်ရောက်မှုကို လျှော့ချနိုင်ကြောင်း၊ မြေအနိမ့်အမြင့်အပေါ်မူတည်၍ အပိုင်းလိုက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ငွေကြေးကုန်ကျမှုများပြားနိုင်သော်လည်း ရေရှည်တွင် ပြန်လည်ရရှိမည့်အကျိုးကျေးဇူးများကိုကြည့်၍ စနစ်တကျတွက်ချက်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း။

ပုသိမ်မြစ်နှင့်ပတ်သက်၍ ရှေးယခင်က ပုသိမ်မြစ်အတွင်းသို့ သင်္ဘောကြီးများ ဝင်ထွက်သွားလာဆိုက်ရောက်နိုင်ခဲ့ကြောင်း၊ ယခုအခါ Bed Level များမြင့်တက်လာမှုကြောင့် သင်္ဘောကြီးများဝင်ရောက်နိုင်မှုနည်းပါးလာကြောင်း၊ ရောဝတီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများကို ပုသိမ်မြစ်ကြောင်းမှတစ်ဆင့် သင်္ဘောကြီးများဖြင့် သယ်ယူပို့ဆောင်နိုင်ကြောင်း၊ အလားတူ ပြည်တွင်းအတွက်လိုအပ်သည့်ပစ္စည်းများကို ပုသိမ်မြို့ဆိပ်ကမ်းမှတစ်ဆင့် ဆောင်ရွက်နိုင်ခြင်းကြောင့် မိမိတို့နိုင်ငံ၏ ဒုတိယဆိပ်ကမ်းမြို့အဖြစ် ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် သဘာဝမှပေးထားသည့် မြေနှင့် ရေကို အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက အကျိုးကျေးဇူးများစွာ ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အဖိုးတန်ရေချိုကို အကျိုးရှိအောင်သုံးစွဲနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးမြေနေရာများသို့

*စာမျက်နှာ ၄ သို့*



ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများ လက်ခံသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ရေဘေးကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှု အခြေအနေများ၊ ရှာဖွေကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းတင်ထားသည့် "သဘာဝ ဘေးအန္တရာယ်ကို စုပေါင်းစွမ်းအားနဲ့ ကျော်ဖြတ်ကြမယ်" Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးဒုက္ခကြုံတွေ့နေရသည့် ပြည်သူများကို စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည့် မင်္ဂလာရှိသော အခမ်းအနားတစ်ခုဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

---

*စာမျက်နှာ ၃ မှ*

ရေငန်များ ဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြစ်များအတွင်း သွားလာရေးအတွက် အသုံးပြုနိုင်သကဲ့သို့ မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ စိုက်ပျိုးရေးအတွက် လိုအပ်သည့် ရေချိုများရရှိရေး ဆောင်ရွက်ရာတွင် မြစ်ချောင်းများအတွင်း ရေငန်ဝင်ရောက်မှုများ မရှိအောင် စနစ်တကျဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရေချိုများရရှိစေရေး နွေရာသီကာလတွင်နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်မြစ်ရေတင် လုပ်ငန်းများဖြင့် ဆောင်ရွက်သွားနိုင်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်များ ရှိသကဲ့သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးခြင်းနှင့် တောင်သူများအနေဖြင့် သမဝါယမစနစ်ဖြင့် စုပေါင်းဆောင်ရွက်၍ရကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ GDP မြင့်မားသည့် တိုင်းဒေသကြီးခြောက်ခုတွင် အမြင့်ဆုံးတွင်ရှိကြောင်း၊ထို့ကြောင့်ဧရာဝတီတိုင်းဒေသကြီးအတွင်း ရှိပြီးဖြစ်သည့် မြေခံရေခံကောင်းများကို အသုံးချ၍ GDP တိုးတက်မြင့်မားအောင်ဆောင်ရွက်ပြီး ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

လူသားအရင်းအမြစ်လိုအပ်ချက်နှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပညာတတ်လူသားအရင်းအမြစ်များ လုံလောက်စွာရှိပြီးဖြစ်သဖြင့် လူသားအရင်းအမြစ်များကို အရည်အသွေးပိုမိုမြင့်မားလာစေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးသည့်နိုင်ငံများသည် ပညာတတ်များပေါကြွယ်ဝသည့်နိုင်ငံများဖြစ်ကြကြောင်း၊ ထို့ကြောင့် ပညာတတ်များ ပေါကြွယ်ဝစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုသဖြင့် ပညာရေးကိုအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဆယ်စုနှစ်များအလိုက် ပညာရည်မှတ်တမ်းများအား ပြန်လည်သုံးသပ်ကြည့်ရှုရာတွင် မိမိတို့နိုင်ငံ၏ပညာရေးကဏ္ဍတွင် အားနည်းမှုများရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်၏ပညာရေးကဏ္ဍမြင့်မားစေရေး KG+9 အထိ မသင်မနေရစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာအလယ်တန်းအဆင့်ကို ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက အထက်တန်းအဆင့်သို့ ဆက်လက်အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေခံ၊ မြေခံကောင်းများရှိပြီးဖြစ်သဖြင့် အဆိုပါရေခံမြေခံကောင်းများကို အသုံးချနိုင်ရန်အတွက် ပညာတတ်လူသားအရင်းအမြစ်များကို မဖြစ်မနေမွေးထုတ်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွင်း ထိပ်တန်းအဆင့်တွင်ရှိသည့် တိုင်းဒေသကြီးတစ်ခုအဖြစ်သို့ ရောက်ရှိလာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ဒေသတွင်းနေထိုင်ကြသူများကလည်း ကြိုးစား၍ ဒေသတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရာတွင် မိမိတို့ဒေသအလိုက် ပထဝီဝင်အနေအထားအရ ပေးအပ်ထားသည့် အရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချနိုင်ရေးတို့နှင့်ပတ်သက်၍ သာမန်အားဖြင့် စဉ်းစားဆောင်ရွက်၍မရဘဲ အမြင်ကျယ်ကျယ်နှင့် ဘက်ပေါင်းစုံမှ စဉ်းစားတွေးခေါ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်မှ မူဝါဒချမှတ် တွန်းအားပေး၍ ဆောင်ရွက်ခြင်းမျိုး မဖြစ်စေလိုဘဲ မိမိတို့ တာဝန်ယူထားရသည့်ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းရာကောင်းကျိုးများကိုလုပ်၍ ရသည့်နည်းလမ်းများဖြင့် စေတနာထားကြိုးပမ်းဆောင်ရွက်၍ ဒေသနှင့် နိုင်ငံ၏အကျိုးကို ဖော်ဆောင်သွားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့အား ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**“ ယနေ့ ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် စုစုပေါင်းအလှူငွေ ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ကို လက်ခံရရှိ ”**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စေတနာရှင်၊ အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စေတနာရှင်၊ အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စေတနာရှင်၊ အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

*စာမျက်နှာ ၄ မှ*

၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေးမျက်နှာမြို့နယ် ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ တစ်ဆင့် ထူးပေါက်ပြီး ရေဖြတ်သန်းစီးဆင်းခြင်းကြောင့် တာတမံနိမ့်ကျ ရေကျော်စီးဝင်ခဲ့၍ လေးမျက်နှာမြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာ ၁၃၈ ရွာမှ အိမ်ထောင်စု ကိုးထောင်ကျော်၊ လူဦးရေ သုံးသောင်းကိုးထောင်ကျော် ရေဘေးသင့်ခဲ့ပြီး ကယ်ဆယ်ရေးစခန်း ၁၇ ခု ဖွင့်လှစ်ထားသည့် အခြေအနေဖြစ်ပါကြောင်း။

ကျိုးပေါက်မှုဖြစ်စဉ် စတင်ခဲ့သည့် ဇူလိုင် ၃၁ ရက်မှစပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိ ပြည်ထောင်စုဝန်ကြီးဌာန တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ စေတနာလုပ်အားရှင်များ စုပေါင်းပြီး တုတ်တန်းရိုက်၊ ဝါးထရံကာခြင်း၊ Geobag ချခြင်း၊ ကရိန်းရေယာဉ်ဖြင့် ရေဝင်လမ်းအထက်၌ သဲအိတ်ချခြင်း၊ သံခွံ CB တွဲဖြင့် သဲဖြည့်မြှုပ်ချပြီး ရေဝင်ထိန်းကာကွယ်ခြင်း၊ ပန်းတာ၏ ဘယ်ညာတို့တွင် သဲအိတ်ချပိတ်ခြင်း စသည်တို့ကို အားကြိုးမာန်တက် ဆောင်ရွက်လျက် ရှိပါကြောင်း၊ လာမည့် ရက်များတွင်လည်း သစ်သား/သံကိုယ်ထည် စက်လှေသုံးစင်းကို သဲဖြည့်ရေမြှုပ်ပြီး ရေစီးကြောင်း တားဆီးခြင်း၊ မြှုပ်ထားသည့် စက်လှေများပေါ်ကို သဲအိတ်ကြီးများ ထပ်ဖြည့်ချခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြစ်ရေကျချိန်တွင် ပန်းတာကို မိုးတွင်းကာလ ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ရန် စီမံထားရှိပြီး ပွင့်လင်းရာသီရောက်ရှိချိန်တွင် အခိုင်အမာမြေဖို့ခြင်းများကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ပိုမိုခိုင်ခံ့စေရေး ပန်းတာ၏ရေကျော်ဝင်ရောက်နေသည့်နေရာတွင် ၁၂ မီတာ အရှည်ရှိသည့် Steel Sheet Pile များကို အလျားပေ ၈၉၀ ခန့် အခုံးပုံ Pile ရိုက်သည့်လုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ရေဘေးဒဏ်ခံစားရသည့် ဒေသများကို အလျင်အမြန် ကွင်းဆင်းကြည့်ရှုပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ရေကြီးရေလျှံမှု စတင်ဖြစ်ပွားချိန် ကတည်းက ဘေးသင့်သူများအား ရှာဖွေကယ်ဆယ်ရေး၊ ဘေးလွတ်ရာကို ရွှေ့ပြောင်းပေးရေး၊ စားရေရိက္ခာများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ မြစ်ရေတိုက်စားပြိုကျမှုမှ ကာကွယ်ခြင်းတို့ကို အရှိန်အဟုန်မြှင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

မိမိတို့အစိုးရ တာဝန်ယူစဉ် အချိန်ကပင် စီးပွားရေးကဏ္ဍနှင့် ပတ်သက်လာပါက **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့** ဟူသည့်မူဝါဒကို ချမှတ်လုပ်ဆောင်နေကြောင်း၊ **နိုင်ငံတော်၏ စီးပွားရေးမြှင့်တင်ရန် လုပ်ဆောင်ရာတွင် ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်များကြောင့် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်သည်ဆိုသည်ကို အမြဲသတိပြုရန် မိမိအနေဖြင့် မကြာခဏ အသိပေးမှာကြားထားပြီး** ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝန်း ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှု အစရှိသည့် အမျိုးမျိုးသော အကြောင်းအရာများကြောင့် ယခုကဲ့သို့ကိစ္စရပ်များ ရှိနေဦးမည်ဖြစ်ကြောင်း၊ ရှိလာသည့်အခါတွင်လည်း ထိခိုက်ပျက်စီးမှုများ လျော့နည်းသည်ထက်လျော့နည်းစေရေးနောက်ပိုင်းတွင် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး၏ အဓိကရည်မှန်းချက်ဖြစ်သည့် ဘေးဒဏ်များမှ ကြံ့ကြံ့ခံနိုင်ရမည်ဟူသည့် အနေအထားအထိရောက်အောင် မိမိတို့အားလုံး အတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြရန် ထပ်လောင်းမှာကြားလိုကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင်လည်း လက်ရှိကြုံတွေ့နေရသည့် ဘေးအန္တရာယ်များအပြင် နောင်ဖြစ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များအတွက်ပါ ကြိုတင်ထည့်သွင်းတွက်ဆပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုရေဘေးကိုအစိုးရ၊ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များနှင့် ပြည်သူများအတူ ဝိုင်းဝန်းပူးပေါင်း ဖြေရှင်းဆောင်ရွက်ကြရမည်လည်းဖြစ်ကြောင်း။

မိမိတို့ မြန်မာလူမျိုးများ၏ နှလုံးသားထဲတွင် **လှူလှူချင် မလျော့၊ မျှလှူချင်မကုန်** ဟူသော စိတ်ဓာတ်သည် အမြဲရှင်သန်နေတတ်ကြပါကြောင်း၊ မိမိတို့တွင် အနည်းငယ်သာရှိနေစေကာမူ လိုအပ်နေသူများအား မျှဝေပေးရန် ဝန်မလေးကြသည်မှာလည်း မြန်မာတို့၏ ချီးကျူးဖွယ် ဓလေ့တစ်ခုဖြစ်ပါကြောင်း၊ ယနေ့ အလှူငွေပေးအပ်ပွဲတွင်ဆိုပါကလည်း စေတနာရှင်ပြည်သူများမှ ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရကိုယ်စား၊ ရေဘေးသင့်ပြည်သူများ၏ကိုယ်စား ကျေးဇူးတင်ပါကြောင်းနှင့် မှတ်တမ်းတင်ပါကြောင်းကို ပြောကြားလိုကြောင်း။

သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာသည့် အခါတိုင်း မြန်မာပြည်အနှံ့မှ ပြည်သူများ အနေဖြင့် ဘေးသင့်သူများကို စိတ်တူကိုယ်တူ စုပေါင်းလှူဒါန်း ကူညီကြသည်ကိုလည်း မြင်တွေ့ရပြီး ပေးကမ်းခြင်းဆိုသည်မှာ ပစ္စည်းတန်ဖိုးထက် မေတ္တာတန်ဖိုးကို ပိုမိုမြင့်မားစေပြီး လူမှုအသိုင်းအဝိုင်းကိုလည်း ပိုမိုနွေးထွေးခိုင်မာစေသည့် အင်အားတစ်ရပ်ဖြစ်လာစေပါကြောင်း။

ယခုရင်ဆိုင်ကြုံတွေ့ရသည့် ရေကြီးရေလျှံမှု တုံ့ပြန်ရေးလုပ်ငန်းများသာမက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအထိ အားတက်သရော ထောက်ပံ့လှူဒါန်းပေးကြသည့် စေတနာရှင်၊ အလှူရှင်များ၊ အဖွဲ့အစည်းများ၊ တစ်ဦးချင်း လူပုဂ္ဂိုလ်များအားလုံးနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်မှုများအပေါ် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်နှင့် ရေဘေးသင့်ပြည်သူများ ကိုယ်စား ကျေးဇူး တင်ရှိပါကြောင်းနှင့် လှူဒါန်းမှုများအပေါ် လေးစားစွာ မှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဖြည့်စွက်ပြောကြားရာတွင် မိမိအနေဖြင့် ယခုအခမ်းအနားသို့ မလာရောက်မီ ရေဘေးဒဏ်ကြုံတွေ့ခံစားနေရသည့် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်နေရာများသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ခဲ့သော်လည်း ရာသီဥတုအခြေအနေ မပေးသဖြင့် ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်တို့၏ မြေပြင်အခြေအနေကို ရဟတ်ယာဉ်ပေါ်မှသာ ကြည့်ရှုခဲ့ရကြောင်း၊ သဘာဝ ဘေးအန္တရာယ်နှင့် ပတ်သက်၍ လူတို့၏ ကြိုတင်ပြင်ဆင်မှုများဖြင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုများ လျော့ပါးအောင် ဆောင်ရွက်နိုင်ကြောင်း၊ ယခင်ကလည်း ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများနှင့် မုန်တိုင်းတိုက်ခတ်မှုများကြောင့် ထိခိုက်သေကျေမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊သဘာဝဘေးဒဏ်များကို ကာကွယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို စနစ်တကျ စောင့်ကြည့်လေ့လာသုံးသပ်ဆန်းစစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ယခု လာရောက်လှူဒါန်းကြသည့် အလှူရှင်များသည် ဧရာဝတီတိုင်းမှသာမက အခြားဒေသများမှလည်း ပါဝင်ကြောင်း၊ ယခင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးကွင်း၊

*စာမျက်နှာ ၆ သို့*



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ စေတနာရှင်၊ အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း စေတနာရှင်၊ အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် စေတနာရှင်၊ အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

*စာမျက်နှာ ၅ မှ*

ရေနက်ကွင်းများကို စိုက်ပျိုးမြေများအဖြစ် ဖော်ထုတ်ဆောင်ရွက်ခဲ့ကြောင်း၊ ရေထိန်းတမံ တည်ဆောက်သင့်သည့် နေရာများ၌ ရေထိန်းတမံများ တည်ဆောက်၍ ရေဝင်ရောက်မှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နောင်အနာဂတ်တွင် ရေကြီးရေလျှံမှုများ လျော့ချနိုင်ရေး စနစ်တကျ သုံးသပ်တွက်ချက်၍ ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့ မြန်မာနိုင်ငံသား တိုင်းရင်းသားများအနေဖြင့် မိမိတို့ရှိသည့်အတိုင်းအတာများဖြင့် လှူဒါန်းလိုသည့်စိတ်များ၊ ကူညီလိုကြသည့်စိတ်များ ကိုယ်စီရှိကြသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရပြီး ထိုသို့ လှူဒါန်းမှုများ၊ စေတနာသဒ္ဓါတရားများ၏ အကျိုးကို မုချခံစားရမည်ဖြစ်ကြောင်း၊ မွန်မြတ်သည့်စိတ်ကိုအရင်းခံ၍ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ကောင်းမွန်သည့်အကျိုးကို မလွဲမသွေခံစားရမည်ဖြစ်ကြောင်း၊ ယနေ့လှူဒါန်းသည့် အလှူရှင်များသည်လည်း စေတနာအရင်းခံ၍ လှူဒါန်းခြင်းဖြစ်သဖြင့် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်ပြီး ဗုဒ္ဓဘာသာ အယူအဆအရလည်း ကောင်းမွန်သည့် ဆောင်ရွက်မှုဖြစ်ရန် ကောင်းမွန်သည့် အကျိုးရလဒ်များကို ပြန်လည်ခံစားရမည်ဖြစ်ကြောင်း။

ဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရပြီးနောက်ပိုင်းတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်ပေး၍ ဆောင်ရွက်ကြရပြီး မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကို မိမိတို့အနေဖြင့် ယခုအချိန်အထိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေရဆဲဖြစ်ကြောင်း၊ အလားတူ အခြားအကြောင်းအမျိုးမျိုးကြောင့် မြို့ပြကျေးရွာများရှိအခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများကိုလည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုလာရောက်လှူဒါန်းကြသူ အများစုသည် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသူများ ဖြစ်ကြပြီး စီးပွားရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် မိမိအကျိုးနှင့် နိုင်ငံတော်၏ အကျိုးကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများအနေဖြင့်လည်း နိုင်ငံ့စီးပွားတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လေးမျက်နှာ မြို့နယ်အတွင်း ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ စေတနာရှင်၊ အလှူရှင်များ၊ အသင်းအဖွဲ့များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်သမ္မတက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် စေတနာရှင်၊ အလှူရှင်များ၊ အသင်းအဖွဲ့များက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် စုစုပေါင်းအလှူငွေ ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PPIB News

❏ *ရွှေဖုံးမှ*

အဆိုပါစက်ရုံတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် စက်ပစ္စည်းများအား ရွှေ့ပြောင်းတပ်ဆင်ထားရှိမှု၊ စက်ရုံရှိ စက်ပစ္စည်းများ ပျက်စီးမှု လျော့နည်းစေရေးအတွက် ဆယ်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့်အတူ ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ သွားရောက်ကြည့်ရှုစဉ် ရွှေ့ပြောင်း တပ်ဆင်ထားသည့် ရက်ကန်းစက်များဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရေးအတွက် စက်တပ်ဆင်ခြင်း၊ ချိန်ညှိခြင်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကုန်ကြမ်းများကိုစုဆောင်းထားရှိရန်၊ စက်ရုံပြန်လည်တည်ဆောက်ရေး ဆောင်ရွက်မည့် အစီအမံ၊ စက်ပစ္စည်းများအား ပြန်လည်ဆယ်တင်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများကို ရေးဆွဲဆောင်ရွက်ရန်၊ စက်ရုံရှိစက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု လျော့နည်းရေးအတွက် ဆယ်တင်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ထို့ပြင် မြစ်သားမြို့နယ်ရှိ အမှတ်(၇)အထည်စက်ရုံ (မြစ်သား) ၌ ဦးဆောင်ညွှန်ကြားရေးမှူး၊ ကျောက်ဆည် စက်မှုနယ်မြေရှိ စက်ရုံမှူး၊ စက်ရုံတာဝန်ခံများ၊ အရာထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံတော်သမ္မတက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများ၊ စီးပွားရေးရာ ကော်မတီအစည်းအဝေးများ၊ တွေ့ဆုံပွဲများတွင် လမ်းညွှန် မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် အမှတ်(၈) အထည်စက်ရုံခွဲ (ရမည်းသင်း) ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ဝန်ကြီးဌာနများမှ အမှာစာများဖြင့် မှာယူထားသည့် ထုတ်ကုန်ပစ္စည်းများအား အချိန်မီထုတ်လုပ်ပေးရေး၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းတွင်းမြစ်ရေ မြင့်တက်လာနိုင်သဖြင့် မော်လိုက်မြို့၌ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**မော်လိုက် ဩဂုတ် ၈**

မော်လိုက်မြို့တွင် ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၁၁၆၄ စင်တီမီတာသို့ ရောက်ရှိနေပြီး မြို့၏စိုးရိမ်ရေမှတ်ဖြစ်သည့် ၁၂၃၀ စင်တီမီတာသို့ ရောက်ရှိရန် ၆၆ စင်တီမီတာသာ ကျန်ရှိနေသောကြောင့် ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ ယနေ့ညနေပိုင်းက မြေနိမ့်ပိုင်းရှိ ရပ်ကွက်များနှင့် မြစ်ကမ်းနားရှိ ရပ်ကွက်များတွင် အသိပေးနှိုးဆော်ခဲ့သည်။



မိဘပြည်သူများ အနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ပစ္စည်းဥစ္စာများ၊ အိမ်မွေးတိရစ္ဆာန်များနှင့် အသက်အန္တရာယ်များ ထိခိုက်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိစေလိုကြောင်း၊ ရေဘေးသင့်ပြည်သူများ လုံခြုံစွာနေထိုင်နိုင်သည့်နေရာများကို ပြင်ဆင်ထားရှိကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် အကူအညီများ လိုအပ်လာပါက ခရိုင်/ မြို့နယ်မီးသတ်ဦးစီးဌာနတွင် အကူအညီလာရောက်တောင်းခံနိုင်ကြောင်း အသိပေးကြေညာခဲ့ကြောင်း သိရသည်။

**ကိုထက်(ပြန်/ဆက်)**

ရတနာသစ်တော
ပြည့်သွေးကြော
သစ်တောရတနာ
ထိန်းသိမ်းပါ

# စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(သာယာဝတီ)အား ကောလိပ်အဆင့်မြှင့်တင်သွားမည်



**နေပြည်တော် ဩဂုတ် ၈**

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သာယာဝတီ)အား ကောလိပ်အဆင့်သို့ မြှင့်တင်သွားမည်ဖြစ်ရာ လိုအပ်သည့် အကြိုလုပ်ငန်းများ ပြင်ဆင် ဆောင်ရွက်ထားကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း၏ စာတွေ့လက်တွေ့ သင်ကြား သင်ယူရေးဆိုင်ရာ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(သာယာဝတီ/ထားဝယ်/ကျောက်တော်) ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သီးခြားစီ တွေ့ဆုံ၍ ရေရှည်တည်တံ့သော သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးအတွက် မျိုးဆက်သစ်များအား စည်းရုံးလက်တွဲခေါ်ယူ၍ လက်ဆင့်ကမ်း ပြုစုပျိုးထောင်နိုင်ရေး ကြိုးပမ်းသွားကြရန်၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသည့် ကျွမ်းကျင်သော လူသားအရင်းအမြစ်များအဖြစ် အကျိုးပြုနိုင်ရေးကြိုးစားအားထုတ်ကြရန်၊ ပညာသင်ယူမှုကာလပြီးဆုံးပါက မိမိဘဝတိုးတက်ရေးနှင့်အတူ တောင်သူများအား နီးနီးကပ်ကပ်အကျိုးပြုနိုင်ရေး၊ နိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်းနိုင်ရေးကိုပါ ထည့်သွင်းစဉ်းစားပြီး လုပ်ငန်းခွင်ရွေးချယ်မှု မှန်ကန်ရေးဂရုပြုကြရန် အားပေးစကား ပြောကြားခဲ့သည်။

ညနေပိုင်းတွင် သုံးဆယ်တမံ ဆည်ရေသောက်အတွင်းရှိ တစ်ဆက်တစ်စပ်တည်း ဧက (၁၀၀) ပေါ်ဆန်းမွှေး မိုးစပါးစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၊တောင်သူများအားဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ရိုးရာလက်ဝှေ့အားကစားအဖွဲ့များ စခန်းသွင်းလေ့ကျင့်လျက်ရှိ

## မြိတ်မြို့၌ ဘောလုံးကွင်းတစ်ကွင်းနှင့် ပရိသတ် ၄၀၀၀ ဆံ့ ပွဲကြည့်စင်တည်ဆောက်ရန် မြေနေရာရှင်းလင်း

**နေပြည်တော် ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး အားကစားဥယျာဉ်၌ အောက်တိုဘာ ၁၆ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ရိုးရာလက်ဝှေ့အားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။



ထိုသို့စခန်းသွင်းလေ့ကျင့်နေသည့် ရိုးရာလက်ဝှေ့အားကစားအဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း တွေ့ဆုံပြီး ထောက်ပံ့ငွေများ ပေးအပ်၍ အားပေးစကားပြောကြားသည်။

အလားတူ မြိတ်မြို့နယ် အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်ခရိုင်အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများကို ကြည့်ရှုစစ်ဆေးပြီး မြိတ်မြို့နယ်အားကစားခန်းမ၌ ကျင်းပသည့် ရိုးရာခြင်းအလှခတ်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေး၍ ချီးမြှင့်ငွေကျပ် ၅ သိန်း ပေးအပ်သည်။

ထို့ပြင် မြိတ်ခရိုင် မြို့မအားကစားကွင်း ပတ်လည်ပွဲကြည့်စင်နှင့် ဘောလုံးကွင်း အဆင့်မြှင့်တင် တည်ဆောက်ပြီးစီးမှု၊ မြိတ်မြို့ အားကစားကွင်းအသစ် ဆောက်လုပ်ရန် လျာထားသည့် မြေနေရာတွင် ဘောလုံးကွင်း တစ်ကွင်းနှင့် ပရိသတ် ၄၀၀၀ ဆံ့ ပွဲကြည့်စင်တည်ဆောက်ရန် မြေနေရာရှင်းလင်းခြင်း၊ အဝီစိတွင်းတူးဖော်ခြင်းနှင့် 50 KW On Grid Solar System တပ်ဆင်ခြင်းလုပ်ငန်း တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ဘောလုံးကွင်းမြက်ခင်းများ စိမ်းလန်းစိုပြည်ရေး၊ ရေလိုင်း၊ မီးလိုင်းစနစ်များ ကောင်းမွန်စေရေး မှာကြားသည်။

ဆက်လက်၍ မြိတ်မြို့ (DUNLOP TENNIS CLUB) တင်းနစ်အားကစားကွင်း၌ တင်းနစ်အားကစားအဖွဲ့အား တွေ့ဆုံပြီး သဟာယကြက်တောင်အားကစားရုံ၌ ကြက်တောင်အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေး၍ အားကစားကွင်းအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး၊ ပြည်သူများ စိတ်အပန်းဖြေအောင် လမ်းလျှောက်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်မှုများကို ပြုလုပ်နိုင်ရန် လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၈**

မျိုးဆက်သစ် ကျောင်းသားလူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်၏ သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကို လေ့လာသိရှိပြီး အသိပညာ ဗဟုသုတများ ရရှိစေရန်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များ ဖြစ်ပေါ်လာစေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို အထောက်အကူပြုစေရန်နှင့် နိုင်ငံ့အကျိုးသယ်ပိုးရွက်ဆောင်လိုသည့် ရည်မှန်းချက်ကောင်းများ ထားရှိတတ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာ အလယ်တန်းကျောင်း (လေသာ) မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ယနေ့လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့်ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင် ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြောကြားပြီး ပြခန်းများအလိုက် တာဝန်ရှိသူများက တပ်မတော်(ကြည်း)ပြကွက်၊ တပ်မတော်(ရေ) ပြကွက်၊ တပ်မတော်(လေ)ပြကွက်များ၌ ခင်းကျင်းပြသထားမှုများကို အသေးစိတ် လိုက်လံရှင်းလင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာမှတ်သားကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်၌ ခင်းကျင်းပြသထားသည့် ပြင်ပပြကွက်များဖြစ်သည့် တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလအသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာယာဉ်များ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် လက်နက်များ၊ တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# လွှမ်းခြုံအောင်မြင် ခရီးစဉ်မှသည် ယုံကြည်လျှောက်လှမ်း အနာဂတ်လမ်းသို့

**ကေဇက်ဟိန်း (PPIB)**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၇ ရက်က ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ထိုင်းနိုင်ငံ (Official Visit) ခရီးစဉ်ဟာအောင်မြင်စွာပြီးမြောက်ခဲ့ပါတယ်။ မိဘတွေ အပြင်သွားတဲ့အခါ မိသားစုတွေအတွက် တစ်စုံတစ်ခု ဝယ်လာစမြဲဆိုတဲ့ သဘာဝအတိုင်း သမ္မတကြီးရဲ့ ပြည်ပခရီးစဉ်များ နောက်ကွယ်မှာ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးအတွက် မြားမြောင်တဲ့ အကျိုးရလဒ်ကောင်းတွေကို ဖော်ဆောင်လာခဲ့တာကိုလည်း အားလုံးတွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ကဲ စာဖတ်သူတို့ရေ၊ ခရီးစဉ်ဒုတိယရက်ကို ဆက်ကြပါဦးစို့ဗျာ။

နိုင်ငံတော်အကြီးအကဲအနေနဲ့ ဒုတိယခရီးစဉ်ရက်မှာ ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်း ဆူရာဆာဂျာနဲ့ တွေ့ဆုံခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ခရီးစဉ်တိုင်းမှာ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ကဏ္ဍ ပူးပေါင်းမှုကိုလည်း မဖြစ်မနေ အလေးထားဆောင်ရွက်ပေးနေတာကို တွေ့မြင်ရတယ်။ ပြည်ပခရီးစဉ်တိုင်းကို ပြန်ကြည့်ရင် နိုင်ငံတစ်နိုင်ငံရဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ နှစ်နိုင်ငံ တပ်မတော်ကဏ္ဍစတဲ့ ပင်မဒေါက်တိုင်တွေအတွက် အမြဲမပြတ် ဂရုတစိုက်လေ့လာဆောင်ရွက်ခဲ့သလို အခြားသောစီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စွမ်းအင်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍစတဲ့ ကဏ္ဍစုံကိုလည်း မဖြစ်မနေလေ့လာဖော်ဆောင်လျက်ရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ နိုင်ငံတော်နဲ့ နိုင်ငံသူ နိုင်ငံသားတွေအပေါ်ထားရှိတဲ့ စိတ်စေတနာနဲ့ ဆန္ဒတွေအဖြစ် တွေ့မြင်ကြရမှာပါ။

ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်း ဆူရာဆာဂျာနဲ့ တွေ့ဆုံစဉ်မှာတော့ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဖော်ဆောင်မှု၊ ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ဆောင်ရွက်သွားမှု၊ လွှတ်တော်အသီးသီးတွင် အမျိုးသမီးများပါဝင်မှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်သွားမှု၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မှု၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူညစ်ညမ်းမှုနှင့် မြစ်ရေညစ်ညမ်းမှု ကိစ္စတို့ကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများအပေါ် ဆွေးနွေးညှိနှိုင်းအောင်မြင်ခဲ့မှုတွေကို အပြန်အလှန် သုံးသပ်ဆွေးနွေးခဲ့ကြပါတယ်။

**"ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာအလုပ်သမားများ၏ အခွင့်အရေးများ ပြည့်ဝစွာရရှိစေရေး၊ ဥပဒေနှင့်အညီ အကာအကွယ်ပေးရေးတို့နှင့်ပတ်သက်၍လည်း ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုကြောင်း"**

> **❑ "ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာအလုပ်သမားများ၏အခွင့်အရေးများ ပြည့်ဝစွာရရှိစေရေး၊ ဥပဒေနှင့်အညီ အကာအကွယ်ပေးရေးတို့နှင့် ပတ်သက်၍လည်း ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုကြောင်း" ဒီတောင်းဆိုမှုကို ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့တင်မက ထိုင်းအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌနဲ့ တွေ့ဆုံစဉ်မှာလည်း ကြားသိခဲ့ရပါတယ် ...**

ဒီတောင်းဆိုမှုကို ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့ တင်မက ထိုင်းအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌနဲ့တွေ့ဆုံစဉ်မှာလည်း ကြားသိခဲ့ရပါတယ်။ စာရေးသူကိုမင်သက်မိစေခဲ့တဲ့ စကားတစ်ခွန်းလို့ ဆိုရပါမယ်၊ နိုင်ငံအတွက် အရေးကြီးတဲ့ကိစ္စရပ်တွေ ပြည့်နှက်နေတဲ့ကြားကပဲ ထိုင်းရောက်မြန်မာလူမျိုးတွေကို မှတ်မှတ်ရရရှိနေတာဟာ အကြီးအကဲရင်ထဲက လေးနက်မှု၊ သတိတရရှိမှုတွေပါပဲ။ "အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေခြင်း" ဆိုတာဟာ စကားလုံးတစ်လုံးထက် ပိုပြီးနက်ရှိုင်းပါတယ်။

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားဆိုရာမှာ ၂၀၂၂ ခုနှစ် နိုင်ငံရေးဖြစ်စဉ်မှာ နိုင်ငံရေးဝါဒမှိုင်းကြောင့် ရွှေ့ပြောင်းလာခဲ့သူတွေအပါအဝင် မြန်မာအလုပ်သမားများထိ အကျုံးဝင်ပါတယ်။ သူတို့စိတ်ထဲ မည်သို့ရှိပါစေ၊ နိုင်ငံအကြီးအကဲကတော့ **"ဒါဟာ ကျွန်တော့်သားသမီးလေးတွေပါဗျာ၊ သူတို့လေးတွေကို စောင့်ရှောက်ပေးပါ"** ဆိုတဲ့ သဘောသက်ရောက်ပါတယ်။ မိဘတိုင်းရဲ့ ရင်ထဲမှာ အမြဲကိန်းအောင်းနေတတ်တဲ့ မေတ္တာစကား၊ ကရုဏာစကားပါပဲ။ ဒါတွေကို ထိုင်းနိုင်ငံမှာ ရောက်နေတဲ့ မြန်မာလူမျိုးအားလုံး ကြားသိနိုင်ပါစေ။ ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်ပါဘူး၊ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတယ်၊ သားသမီးဆိုး ပစ်ရိုးထုံးစံမရှိဆိုတဲ့စကားအတိုင်းပါပဲ။ နိုင်ငံတော်အကြီးအကဲရဲ့ ရင်ဝယ်သားသဖွယ် စိတ်ထားကို အမှတ်မထင်တွေ့မြင်ရပါတယ်။

ပြည်ပခရီးစဉ်တိုင်းမှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေကို အမြဲမပြတ်ဖိတ်ခေါ်တယ်။ ပြည်တွင်းမှာ ပညာရည်မြင့်မားရေးကတစ်ဆင့် အတတ်ပညာပြည့်ဝတဲ့ လူသားအရင်းအမြစ်တွေ ဖော်ဆောင်ကြိုးပမ်းနေတယ်။ ဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ လိုအပ်တဲ့ ပညာတတ်လူသားအရင်းအမြစ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေရရှိအောင် ဆောင်ရွက်ပေးမယ်။ နည်းပညာကျွမ်းကျင်သူကတစ်ဆင့် ပြည်တွင်းလုပ်ငန်းရှင်တွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးချင်တယ်။ ပြည်ပထွက် အလုပ်လုပ်သူတွေကြောင့် ဆုံးရှုံးနေတဲ့ နိုင်ငံအတွက်လူသားအရင်းအမြစ်တွေကို နိုင်ငံတော်မှာ ပြန်လည်ပိုင်ဆိုင်စေချင်တယ်။ ဒါကလည်း နိုင်ငံတော်အကြီးအကဲရဲ့ ရေရှည်အတွက် မျှော်မှန်းချက်တစ်ခုသာ ဖြစ်ပါတယ်။ မှန်းဆရင်မြင်နိုင်ပါတယ်။ မှတ်မှတ်ရရ စကားတစ်ခွန်းက စာရေးသူနှလုံးသားကို အမှတ်တရအဖြစ် ငြိတွယ်သွားခဲ့ပြန်ပါတယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၇ ရက်က ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၌ စာရွက်စာတမ်းများ လာရောက်ဆောင်ရွက်ကြသည့် မြန်မာနိုင်ငံသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကားပြောကြားစဉ်။

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာသံရုံးကို ခရီးဆက်ခဲ့ပါတယ်။ မြန်မာသံရုံးမှာတော့ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းတွေ၊ မိသားစုဝင်တွေနဲ့ ပညာတော်သင် သင်တန်းသားတွေနဲ့ တွေ့ဆုံခဲ့ပါသေးတယ်။

တွေ့ဆုံစဉ်မှာလည်း တိုးတက်နေတဲ့ ပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံ၊ အသိပညာတွေကို အမှန်တကယ် သိရှိတတ်ကျွမ်းနားလည်အောင် သင်ယူလေ့လာသွားကြဖို့၊ ဘာသာစကားကိုလည်း မိမိတို့ လာရောက်တာဝန်ထမ်းဆောင်ရသည့် ကာလအတွင်း တတ်မြောက်အောင်လေ့လာသင်ယူကြဖို့၊ တာဝန်ထမ်းဆောင်ရင်းနှင့် မိမိဘဝတိုးတက်မှုမှသည် နိုင်ငံတော်တိုးတက်စေဖို့၊ နှစ်နိုင်ငံအတွက် အကျိုးရှိစေမယ့်အခြေအနေကောင်းတွေ ကြိုးစားဆောင်ရွက်ကြဖို့ကို အဓိကထား မှာကြားခဲ့ပါတယ်။

ဒ့ါအပြင် သံတမန်ဆက်ဆံရေးရဲ့ အရေးပါမှု၊ သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများအနေနဲ့ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံ့အကျိုးစီးပွားတိုးတက်ကြိုးပမ်းဆောင်ရွက်သွားကြဖို့၊ *စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြဖို့ မိသားစုအချင်းချင်းဖေးမပြီး စည်းစည်းလုံးလုံးနဲ့ နေထိုင်သွားကြဖို့ကိုလည်း အလေးထားမှာကြားခဲ့ပါတယ်။

အလျဉ်းသင့်တယ်လို့ ဆိုရမှာပါပဲ။ သံရုံးမှာ စာရွက်စာတမ်းလာရောက်လုပ်နေတဲ့ မြန်မာလူမျိုးများနဲ့လည်း တိုက်တိုက်ဆိုင်ဆိုင် တွေ့ဖြစ်ခဲ့ပါသေးတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေကို အားပေးစကား



ပြောပြီး ဘယ်လိုအခက်အခဲရှိရှိ သံရုံး၊ စစ်သံရုံးတွေမှာ အချိန်မရွေးအကူအညီတောင်းဖို့ တခုတ်တရမှာခဲ့ပါသေးတယ်။ ဘယ်သို့ပင်ရောက်နေပါစေ၊ မြန်မာလူမျိုးအားလုံးအတွက် မြန်မာနိုင်ငံတော်ဟာ အမြဲအရိပ်လိုရှိနေတယ်ဆိုတဲ့ အသိကို ပြသနိုင်ခဲ့တာပဲဖြစ်ပါတယ်။ အဝေးရောက်မြန်မာလူမျိုးများအားလုံးအနေနဲ့လည်း နိုင်ငံတော်ရဲ့တန်ဖိုး၊ နိုင်ငံတော်အကြီးအကဲရဲ့ စေတနာကို သိဖို့၊ မြင်ဖို့ လိုအပ်ပါတယ်။

မြဘုရားသို့ဆီ ခရီးဆက်ခဲ့ပြန်ပါပြီ။ မြဘုရားကတော့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်းမှာ တည်ရှိပါတယ်။ နိုင်ငံတော်အကြီးအကဲက မြဘုရားဆောင်အတွင်းက ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီးတွေ ဆက်ကပ်လှူဒါန်းမှုနဲ့အတူ အလှူငွေနဲ့မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားသည့် စကျင်ကျောက်ဆင်းတုတော်မြတ်ကိုလည်း လှူဒါန်းခဲ့ပါသေးတယ်။

ဆက်လက်ပြီး နိုင်ငံတော်အကြီးအကဲက ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်းရှိ Dusit Maha Prasat Throne Hall ၌ ထိုင်းဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Queen Sirikit အား အောက်မေ့သတိရခြင်းအထိမ်းအမှတ်အဖြစ် လွမ်းသူ့ပန်းခွေချခြင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားတဲ့ စကျင်ကျောက်ဆင်းတုတော်မြတ်အား လှူဒါန်းပေးအပ်ခြင်း၊ Piman Rattaya Throne Hallရှိ ထိုင်းဘုရင်မင်းမြတ်၏သမီးတော် မင်းသမီးကြီး Princess Bajrakitiyabha တို့အား အောက်မေ့သတိရလွမ်းသူ့ပန်းခွေချခြင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားတဲ့ စကျင်ကျောက်ဆင်းတုတော်မြတ်အား လှူဒါန်းပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ သာသနာတော်ပြန့်ပွားရေးဆောင်ရွက်မှုတစ်ခုပါပဲ။ ရှေးဘုရင်တွေ အဆက်ဆက်ကတည်းက သာသနာတော်ပြန့်ပွားရေးကို ဆောင်ရွက်ခဲ့တာလည်း မဟုတ်ပါလား။

ထိုင်းနိုင်ငံခရီးစဉ်ကတော့ အောင်မြင်စွာပြီးမြောက်ခဲ့ပါပြီ။ အမိမြန်မာနိုင်ငံတော်ဆီ ပြန်ရပါတော့မယ်။ ကြည်လင်တဲ့ရာသီဥတုနဲ့အတူ လေဆိပ်တစ်ခွင်ဟာ ငြိမ်းချမ်းသာယာလို့ နေပါတယ်။ နှစ်နိုင်ငံအလံတွေ တလူလူ လွင့်ထူထားမှုနဲ့အတူ အပြာရောင်နောက်ခံ ကားချပ်ကြီးပေါ်မှာတော့ နှစ်နိုင်ငံအလံတော်တံဆိပ်နဲ့ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အားနွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါ၏" ဆိုတဲ့ ခံ့ညားထည်ဝါစွာ ကြိုဆိုထားမှုကိုလည်း တွေ့ရပါတယ်။ ကော်ဇောနီရဲ့ တစ်ဖက်တစ်ချက်မှာ ထိုင်းနိုင်ငံဂုဏ်ပြုတပ်ဖွဲ့ကလည်း အလေးပြုနှုတ်ဆက်လျက်ရှိပါတယ်။

နှစ်နိုင်ငံအကြီးအကဲနှစ်ဦးဟာ ကော်ဇောနီခင်းထားရာ လျှောက်လှမ်းတစ်လျှောက် အပြုံးကိုယ်စီနဲ့ တည်ငြိမ်စွာလျှောက်လှမ်းလာပါတယ်။ အကြီးအကဲတို့ရဲ့ အပြုံးများဟာ နှစ်နိုင်ငံချစ်ကြည်ရေး အစွန်နှ့ရှည်မှုကိုသာမက ယခုခရီးစဉ်ရဲ့အောင်မြင်မှုရလဒ်များနဲ့ နှစ်ပြည်ထောင်ပြည်သူများရဲ့ အနာဂတ်အကျိုးကို ဖော်ညွှန်းသက်သေပြလျက်ရှိပါတယ်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်က လေယာဉ်ပေါ်တက်ခါနီးထိ မိမိတို့နိုင်ငံအကြီးအကဲကို လိုက်ပါပို့ဆောင်ပါတယ်။ လေယာဉ်အတက်လှေကားရင်းမှာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲလက်ကို ကျစ်လျစ်စွာဆုပ်ကိုင်ပြီး နှုတ်ဆက်တဲ့ဟန်ကလည်း နှစ်နိုင်ငံခေါင်းဆောင်ချင်း၊ နှစ်နိုင်ငံ အစိုးရချင်း၊



နှစ်နိုင်ငံပြည်သူချင်း ထာဝရကျစ်လျစ်ခိုင်မာတဲ့ တွဲလက်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှုတွေရဲ့ အနာဂတ်စာမျက်နှာများအဖြစ် တွေ့မြင်ရမှာလည်း ဖြစ်ပါတယ်။

မိတ်ဆွေစစ်တို့မည်သည် သူ့အကျိုး ကိုယ့်အကျိုးအတွက် အတ္တ၊ ပရမ္မတအောင် တွေးခေါ်ဆက်ဆံဆောင်ရွက်တတ်ကြစမြဲပါ။ ကြုံတွေ့လာတဲ့ဒေသတွင်း အခက်အခဲ၊ နှစ်နိုင်ငံရဲ့ အဟန့်အတားမှန်သမျှကို နားလည်မှု၊ ဖေးမမှု၊ ခွင့်လွှတ်မှုတွေနဲ့ လက်တွဲ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဩဂုတ် ၇ ရက်က ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်နှင့် တာဝန်ရှိသူများ ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ *(ဝဲပုံနှင့် အပေါ်ပုံ)*

ကြိုးပမ်းဆောင်ရွက်နိုင်ရပါမယ်။ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ အထူးလေယာဉ်ပေါ်ကို ရောက်ရှိသွားခဲ့ပါပြီ။ မကြာမီဆိုသလိုပဲ လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ အမိမြန်မာနိုင်ငံဆီသို့ ဦးတည်ပျံသန်းလို့နေပါတော့တယ်။

နိုင်ငံတော်အကြီးအကဲရဲ့ သမ္မတတာဝန်ယူပြီး ချိန်မှစပြီး စတုတ္ထမြောက် ပြည်ပခရီးစဉ်ဖြစ်တဲ့ ထိုင်းနိုင်ငံ (Official Visit) ခရီးစဉ်ဟာ အောင်မြင်တဲ့ ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါပြီ။ နိုင်ငံတော်ရဲ့ ဒီမိုကရေစီလျှောက်လှမ်းနေမှု နိုင်ငံရေးခရီး၊ နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေရဲ့ လက်တွေ့ကျကျဖော်ဆောင်နေမှု၊ တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေတဲ့ အွန်လိုင်းလိမ်လည်မှုနဲ့ မူးယစ်ဆေးဝါးဆိုင်ရာလုပ်ငန်းများ တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် ဆောင်ရွက်နေမှု၊ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးမဏ္ဍိုင် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်တဲ့ နိုင်ငံ့စီးပွားရေးအခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်မှု၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ရဲ့ စွမ်းအင်ကဏ္ဍ၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍ စတဲ့ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုတွေကို ချပြဆွေးနွေးနိုင်ခဲ့ပြီး အောင်မြင်တဲ့ရလဒ်တွေ ပိုင်ဆိုင်ခဲ့တဲ့ ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါပြီ။ ဒါ့အပြင် ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများ၊ မြန်မာနိုင်ငံသားများကို စောင့်ရှောက်နိုင်ဖို့အတွက်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အကြီးအကဲရဲ့ ပြည်ပခရီးစဉ်တိုင်းဟာ လှမ်းတိုင်းတင့်တဲ့ ခြေလှမ်းများသဖွယ်ပါပဲ။

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ တိမ်တိုက်များကြားကို ထိုးဖောက်ရင်း အမိမြန်မာနိုင်ငံရဲ့ လေဆိပ်ကို ဆင်းသက်ရောက်ရှိခဲ့ပါပြီ။ အကြီးအကဲရဲ့ အပြုံးနဲ့ လက်ပြနှုတ်ဆက်မှုတွေ၊ ခရီးဦးကြိုပြုနေတဲ့ ဒုတိယသမ္မတဦးဆောင်တဲ့ အစိုးရအဖွဲ့တာဝန်ရှိသူတွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်တဲ့ အဆင့်မြင့်တပ်မတော်အရာရှိကြီးများရဲ့ ကြိုဆိုနှုတ်ဆက်နေဟန်များကလည်း ခရီးစဉ်ရဲ့ အောင်မြင်မှုရလဒ်၊ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဆိုတဲ့ စုစည်းညီညွတ်မှုအားတို့ကို ဖော်ညွှန်းနေလျက်ရှိပါတယ်။

ခရီးစဉ်တိုင်းအောင်မြင်မှုများနဲ့အတူ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ နိုင်ငံတော်အစိုးရအနေနဲ့လည်း ပိုင်ဆိုင်လာတဲ့ အောင်မြင်မှုများနဲ့အတူ မိမိနိုင်ငံ့အရေးအတွက် နိုင်ငံ့စာမျက်နှာသစ်မှသည် အာဆီယံဒေသတွင်း၊ ကမ္ဘာ့မျက်နှာစာထိတိုင် ယုံကြည်စွာ ဆက်လက်လျှောက်လှမ်းသွားပေဦးမည်ဟု ရေးသားကာသီ စာပန်းချီအဖြစ် ခြယ်မှုန်းလိုက်ရပါတော့သည်။ ။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၇ ရက်က ထိုင်းအမျိုးသားလွှတ်တော်မှ ပြန်လည်ထွက်ခွာရာ ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်း ဆူရာဆာဂျာနှင့် တာဝန်ရှိသူများ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်စဉ်။



## လီဆူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**အေးသာယာ ဩဂုတ် ၈**

လီဆူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၏ (၁၅) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက တောင်ကြီးမြို့နယ် အေးသာယာမြို့ တိုင်းရင်းသားစင်တာ၌ကျင်းပရာ ရှမ်းပြည်နယ်၌ နေထိုင်သည့် တိုင်းရင်းသားလူမျိုးများအနေဖြင့် ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများ မတူညီသော်လည်း တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ အပြန်အလှန် ယုံကြည်မှု၊ ချစ်ခင်လေးစားမှုနှင့် ရိုင်းပင်း ကူညီမှုရှိရန် အလွန်အရေးကြီးပါကြောင်း ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက မှာကြားခဲ့သည်။

အစည်းအဝေးသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်ရှိ လီဆူတိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် လီဆူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်ငွေလိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လီဆူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ လီဆူတိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့မှ တိုင်းရင်းသူလေးများက ကပြ၊ သီဆို ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဩဂုတ် ၈**

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်ရှိ လွိုင်ကော်နှစ်ခြင်း ခရစ်ယာန်အသင်းတော်၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေး ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကျောင်းဝင်းအတွင်းအပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော် သွားရောက်ကြည့်ရှုအားပေးပြီး အသင်းတော်အဆောက်အအုံပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် ပြည်နယ်မြေစာရင်းရုံး ပေ ၁၀၀၊ ၅၆ ပေ သံကူကွန်ကရစ်တစ်ထပ် အဆောက်အအုံသစ် ဆောက်လုပ်နေမှု၊ ဒေါ်နိုးကူးရပ်ကွက်နှင့် မင်းစုရပ်ကွက်ရှိ အနိမ့်ပိုင်းရေဝပ်ဧရိယာမှ ရေစုပ်ထုတ်ရန်အတွက် မူလရေစက်ရုံအား တိုးချဲ့၍ 50HP မော်တာ နှစ်လုံးတပ်ဆင်ခြင်း၊ ၆ လက်မ ပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဒေါ်နိုးကူးရပ်ကွက် ရွှေတဆုပ်လမ်းနှင့် တောင်ထိပ်ပန်းလမ်းဆုံ၌ 160 kVA ထရန်စဖော်မာ တစ်လုံး တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ လုပ်ငန်းများ အမြန်စတင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



## ရခိုင်ပြည်နယ်၏ ဖြည့်စွက်ခွင့်ပြု ငွေစာရင်း (လျာထားချက်)နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး

**စစ်တွေ ဩဂုတ် ၈**

၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း(လျာထားချက်) နှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက အမှာစကားပြောကြားပြီး ပြည်နယ်စီမံကိန်း ရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ပြည်နယ်ရသုံးမှန်း ခြေငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးတို့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း (လျာထားချက်)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။





တင်ပြချက်များအပေါ် အစည်းအဝေး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ထင်လင်းဦး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## ချမ်းမြသာစည်မြို့နယ်၌ ငှက်ပျောပင်စိုက်ပျိုးပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အမှတ်(၂၄)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကလေးငယ်များ အာဟာရပြည့်ဝစေရန် ဖီးကြမ်းငှက်ပျောပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝဏ္ဏအောင်နှင့် တာဝန်ရှိသူများက ဖီးကြမ်းငှက်ပျောပင် ၃၃၆ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **အလင်းသစ်(ပြန်/ဆက်)**



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ (အားလုံး) ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှုသို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ခရိုင်အလိုက် ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၈

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့များနှင့်ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများ ကင်းစင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက သုံးခွမြို့မ ရဲစခန်းမှ စခန်းမှူးနှင့် ဌာနဆိုင်ရာများ၊ ဝါးနက်ချောင်းရဲကင်းစခန်းမှူးနှင့် တာဝန်ရှိသူများသည် ဒေသခံပြည်သူများအား မှုခင်း အသိပညာပေး ဆောင်ရွက်ကြပြီး လမ်းမတော်မြို့နယ် ယာဉ်ထိန်း တပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များကလည်း လူကူးမျဉ်းကျားမှ ပြည်သူများ အန္တရာယ် ဘေးကင်းစွာ သွားလာနိုင်ရေး အသိပညာပေးဆောင်ရွက်ကြသည်။

ယမန်နေ့ ညပိုင်းကလည်း ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာများ၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်တာဝန်ရှိသူများ၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့မရဲစခန်း နယ်ထိန်းနှင့်အဖွဲ့တို့သည် မြို့နယ် အတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် KTV ဆိုင်များ စစ်ဆေးခြင်း၊ ယာဉ်စစ် ပိတ်ဆို့စစ်ဆေးခြင်း၊ ဧည့်စာရင်း စစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်း – အောင်သူ**
**ဓာတ်ပုံ – တိုင်းရဲတပ်ဖွဲ့**

---

❍ *ကျောဖုံးမှ*

ပထမပိုင်းပွဲချိန်တွင် ရန်ကုန်စီးတီးအသင်းက ISPE အသင်းကို အကောင်းဆုံးယှဉ်ပြိုင်ကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၈ မိနစ်တွင် ရန်ပိုင်ဦးက ဦးဆောင်ဂိုးစတင်သွင်းယူပေးခဲ့ရာ ပထမပိုင်းအပြီးတွင် ရန်ကုန်စီးတီးအသင်းက တစ်ဂိုး–ဂိုးမရှိရလဒ်ဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ISPE အသင်းသည် တိုက်စစ်မြင့်ကစားခဲ့ပြီး ရန်ကုန်စီးတီးအသင်းကို ဆက်တိုက်ဖိအားပေးလာခဲ့သည်။ ပွဲချိန် ၅၉ မိနစ်တွင် သက်ထူးစံက ISPE အသင်းအတွက် ချေပဂိုးကို ပြန်လည်သွင်းယူပေးခဲ့သည်။

ချေပဂိုးရပြီးနောက်ပိုင်းတွင် ISPE အသင်း၏ ကစားကွက်မှာ ပိုမိုကောင်းလာခဲ့ပြီး ရန်ကုန်စီးတီးခံစစ်ကို အဆက်မပြတ် ခြိမ်းခြောက်နိုင်ခဲ့သည်။ ပွဲချိန် ၇၈ မိနစ်တွင် စစ်ငြိမ်းချမ်းဦးက အသင်းအတွက် ဒုတိယမြောက် ဦးဆောင်ဂိုးနှင့် ၈၆ မိနစ်တွင် တတိယဂိုး ထပ်မံသွင်းယူပေးခဲ့သည်။

ပွဲအပြီးတွင် ISPEအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် ရန်ကုန်စီးတီးအသင်းကို အနိုင်ရရှိခဲ့ကာ ရမှတ် ၃ မှတ်အပြည့် ရယူသွားနိုင်ခဲ့သည်။

ဩဂုတ် ၉ ရက်တွင် ရောဝတီယူနိုက်တက်အသင်းနှင့် FALCON FC အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ–MNL**

---

❑ *ကျောဖုံးမှ*

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား)ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ငါးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းကပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအသင်းကို ရှစ်ဂိုး–နှစ်ဂိုးဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဩဂုတ် ၉ ရက်တွင် ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် သာသနာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိတ်ပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

---

❇ *ကျောဖုံးမှ*

အညာကိုင်းကျေးရွာများသို့ မတ္တရာမြို့နယ်မီးသတ်စခန်းမှ သန္ဓေ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မတ္တရာ Rescue မှ အသင်းသားများ၊ ကြက်ခြေနီ အသင်းသားများနှင့် ပရဟိတအသင်းသားများ ပူးပေါင်း၍ ရေဝင်ရောက်နေသော အိမ်ထောင်စုများအား ရေဘေးလွတ်ရာဖြစ်သည့် အထက်တောင်ကိုင်းကျေးရွာအုပ်စု၊ ဥမင်ကျေးရွာရှိ စာသင်ကျောင်း၊ တိုက်နယ်ဆေးရုံနှင့် ရုံပင်ကျေးရွာဘုန်းကြီးကျောင်းသို့ ကူညီရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များ၊ အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်များ ကြုံတွေ့ပါက မီးသတ်ဦးစီးဌာန၏ အရေးပေါ်ဖုန်းနံပါတ်များဖြစ်သော Hotline 191၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်(ကွပ်ကဲ) ၀၁၈ ၆၆၆၉၀၂၊ ၀၁၈၆၆၆၉၀၃၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး (ကွပ်ကဲ) ၀၂ ၄၀၂၀၈၄၊ ၀၉ ၃၄၀ ၃၂၀၂၀၂ များသို့ ဆက်သွယ်သတင်းပေးပို့ အကူအညီ တောင်းခံနိုင်ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့က အသိပေး ထုတ်ပြန်ထားသည်။ **Htun Htun**

---

❖ *ကျောဖုံးမှ*

တစ်မိနစ်အတွင်း နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့ကာ ပထမပိုင်းအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အသာစီးရယူကာ ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန်ယူနိုက်တက် အသင်းသည် ဘောလုံးကစားကွက်အသာဖြင့် ပြိုင်ပွဲကို ထိန်းချုပ်ထားနိုင်ခဲ့ပြီး ပွဲချိန် ၇၇ မိနစ်တွင် ဇင်မိုးပြည့်က တတိယမြောက် ဦးဆောင်ဂိုးကို သွင်းယူခဲ့သည်။ ထို့နောက် ၇၉ မိနစ်တွင် နန်းချိုမွှေးက ရန်ကုန်စီးတီးအသင်း ဂိုးရေိယာအစပ်မှ အဝေးကန်ချက်ဖြင့် ဂိုးထပ်မံသွင်းယူပေးခဲ့သည့်အတွက် ဟက်ထရစ်ဂိုး ရရှိခဲ့သည်။

ပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရန်ကုန်စီးတီးအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ယနေ့ပွဲစဉ်၌ သုံးဂိုးသွင်းယူကာ ခြေစွမ်းပြကစားခဲ့သည့် ကွင်းလယ်ကစားသမား နန်းချိုမွှေးက AYA PAY Player Of The Match (ပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမား) ဆုကို ထိုက်ထိုက်တန်တန် ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ယနေ့နိုင်ပွဲကြောင့် ရမှတ် ၁၉ မှတ်ရရှိကာ အမှတ်ပေးဇယားအဆင့် (၃) နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။ ရန်ကုန်စီးတီးအသင်းသည် ပထမရာသီဝက် ကစားပြီးချိန်အထိ နိုင်ပွဲမရှိ၊ သွင်းဂိုးမရှိသေးဘဲ အမှတ်ပေးဇယား၏ အောက်ဆုံးအဆင့်တွင် ဆက်လက်ရပ်တည်နေရဆဲဖြစ်သည်။

ပွဲစဉ် (၉) ဒုတိယနေ့ပွဲစဉ်များကို ဩဂုတ် ၉ ရက်တွင် မြဝတီအသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်း၊ ရောဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**နေမျိုး**
**ဓာတ်ပုံ–MWL**

---

✪ *ကျောဖုံးမှ*

ဆီးမီးဖိုင်နယ် အမျိုးသမီးပွဲစဉ်(၄၆)တွင် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရှမ်းပြည်နယ်အသင်းက ၆၃–၄၅ ရမှတ်ဖြင့် ဗိုလ်လုပွဲသို့ လည်းကောင်း၊ ပွဲစဉ်(၄၈)အဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်းဒေသကြီးအသင်းက ၆၄–၆၀ ရမှတ်ဖြင့်လည်းကောင်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသား/အမျိုးသမီး ဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၉ ရက်တွင် အမျိုးသားပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ အမျိုးသမီး ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ–ကိုမင်း**

---

# သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၌ လူငယ်အသိပညာပေး ဟောပြော

နေပြည်တော် ဩဂုတ် ၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်တို့ ပူးပေါင်းကျင်းပသော လူငယ်အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နေပြည်တော်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားသည်။

ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကာ အသိပညာ ဗဟုသုတမေးခွန်းများ မေးမြန်းဆွေးနွေး၍ ပြန်လည်ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်က စာရေးဆရာကြီးများအား ဂါရဝပြုလက်ဆောင်များ ပေးအပ်သည်။ ဆက်လက်၍ နေပြည်တော် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်တာက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ဒုတိယပါမောက္ခချုပ်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**ထွန်းလင်း(ဇေယျာမြေ)**



---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၈

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "James Yar Kot" Facebook အကောင့်နှင့် "Anna Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် စမ်းချောင်းပေါက်ကျေးရွာနေ ရာကုပ်(ခ) ဂျိမ်းရာကုပ်အား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မှော်ဘီမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ**

**နေပြည်တော် ဩဂုတ် ၈** – မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# လူငယ်ကဏ္ဍ တိုးတက်စေကြောင်း...

ရွှေညာသူ(စက်မှု)

မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှစတင်၍ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ လူငယ်ရေးရာမူဝါဒဆိုသည်မှာ နိုင်ငံတစ်နိုင်ငံရှိ လူငယ်များ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးမှုအနာဂတ်အလားအလာကောင်းများကို ဖြည့်ဆည်းနိုင်မည့် မဟာဗျူဟာလမ်းညွှန်ချက်များကို နိုင်ငံတော်နှင့် သက်ဆိုင်သူများအားလုံးက သန္နိဋ္ဌာန်ချ ဆောင်ရွက်နိုင်ရန် လိုအပ်သောအရင်းအမြစ်များ၊ ပံ့ပိုးမှုများ၊ ဝန်ဆောင်မှုများကို စနစ်တကျဖော်ညွှန်းထားသော မူဘောင်တစ်ခုဖြစ်ပါသည်။

ထိုသို့ ရေးဆွဲရာတွင် လူငယ်တွေ့ဆုံဆွေးနွေးပွဲများအား လူငယ်များကိုယ်တိုင် တက်ကြွစွာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပြီး လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍအသီးသီးတွင် နိုင်ငံတစ်ဝန်းရှိ လူငယ်များ၏စကားသံကို ကိုယ်စားပြုသော အကြံပြုချက်များ၊ တောင်းဆိုချက်များအား ခြုံငုံထည့်သွင်းထားပါသည်။

လူငယ်ရေးရာမူဝါဒကို အခြေခံ၍ လူငယ်များသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လာနိုင်မည်ဖြစ်ပြီး လူငယ်ထုအတွင်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပေးမည့် ရေ့လုပ်ငန်းစဉ်များကို ဆက်လက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အသားပေးဆောင်ရွက်နိုင်ရန်အတွက် ယခင်ဖွဲ့စည်းထားသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပါသည်။ ထိုမှတစ်ဆင့် နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာစေရန်နှင့် လူငယ်ရေးရာမူဝါဒနှင့်အညီ လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် လူငယ်ရေးရာဦးစီးဌာနကို ဖွဲ့စည်းခဲ့သည်။ ၂၀၂၄ ခုနှစ် ဧပြီလ ၁၀ ရက်နေ့မှစ၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အားကစားရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာနဟု သီးခြားခွဲပြီး ဖွဲ့စည်းပေးခဲ့သည်။ သို့နှင့် လူငယ်ရေးရာဦးစီးဌာနသည် လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် တိုးတက်ပြောင်းလဲလာရာ ဆက်လက်ပြီး လူငယ်ကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းစဉ်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပါသည်။

လူငယ်ရေးရာဝန်ကြီးဌာနသည် ဘက်စုံထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်ပေါ်လာစေရန် လူငယ်အကျိုးပြုသင်တန်းများဖြစ်သည့် လူငယ်စာပေစကားဝိုင်းများ၊ လူငယ်အသိပညာပေးဟောပြောပွဲများ၊ လူငယ်ဖွံ့ဖြိုးရေးသင်တန်းများ၊ လူငယ်စာဖတ်ဝိုင်းများ၊ လူငယ်ဖိုရမ်များကို နေရာဒေသအလိုက် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင် ဖွင့်လှစ်ကျင်းပပေးလျက်ရှိပါသည်။

ထိုကဲ့သို့ လူငယ်များအတွက် အသိပညာပေးဟောပြောပွဲများ ကျင်းပပေးခြင်းဖြင့် လူငယ်များစွမ်းဆောင်ရည်ပြည့်ဝပြီး နိုင်ငံတော်၏ အားထားရာ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် လူငယ်များပေါ်ထွန်းလာစေမည်ဖြစ်ပါသည်။ ယခုနှစ်အတွင်း လူငယ်အချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး အသိပညာများကို အချင်းချင်း အပြန်အလှန် ဖလှယ်နိုင်ခဲ့သည်မှာ လူငယ်စကားဝိုင်းများကို ကျင်းပပေးခဲ့သည့် ရလဒ်များပင် ဖြစ်ပါသည်။

လူငယ်ရေးရာဝန်ကြီးဌာနသည် နှစ်စဉ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပဆောင်ရွက်ခဲ့သည်။ ၁၉၉၈ ခုနှစ် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ကုလသမဂ္ဂနှင့် ပူးပေါင်းပြီးကျင်းပခဲ့သည့် ပထမအကြိမ် လူငယ်ဆိုင်ရာ ဝန်ကြီးများ၏ ညီလာခံအကြံပြုချက်အရ နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့ကို **“အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့”**အဖြစ် သတ်မှတ်ပေးခဲ့သည့်အပေါ် ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်နှစ်တိုင်း အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ကျင်းပပြုလုပ်ခဲ့သည်မှာ ၂၀၂၃ ခုနှစ်တွင် ၂၆ ကြိမ် ရှိခဲ့လေပြီ။ မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်မှ စတင်ကျင်းပခဲ့ရာ လူငယ်ရေးရာဦးစီးဌာနအနေဖြင့် လူငယ်ရေးရာဦးစီးဌာနအဖြစ် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၂၂ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို စတင်ကျင်းပခဲ့သည့်အတွက် ၂၀၂၃ ခုနှစ်တွင် လေးကြိမ် ကျင်းပပြီးစီးပြီဖြစ်ပါသည်။

> ❂ **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးသည် လူငယ်များ၏ စွမ်းရည်၊ အသိဉာဏ်နှင့် စိတ်ဓာတ်အဆင့်အတန်းပေါ်တွင် မူတည်လျက်ရှိ**
>
> ❂ **မှန်ကန်သည့် အတွေးအခေါ်၊ ဉာဏ်ပညာဗဟုသုတ၊ ဆင်ခြင်တုံတရားများ ပြည့်ဝမှသာ လူမှုအသိုက်အဝန်းနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုကောင်းမွန်စွာ တည်ဆောက်နိုင်မည်**
>
> ❂ **လူငယ်စင်တာများကို ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် အောင်မြင်စွာဖွင့်လှစ်ခဲ့ပြီး ကျန်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ဆက်လက်ဖွင့်လှစ် ဆောင်ရွက်သွားမည်**

နိုင်ငံတော်အနေဖြင့် လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မှန်ကန်သည့် လမ်းကြောင်းပေါ်ကို ရောက်ရှိစေပြီး နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော် ရေးဆွဲဆောင်ရွက်နိုင်ခဲ့သည်။ လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ၊ မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လူငယ်ရေးရာကော်မတီများကို ဖွဲ့စည်းပေးထားပြီးဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်လူရွယ်များကို အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုပညာရပ်များကို စနစ်တကျလေ့ကျင့်သင်ကြားပေးရန် လွန်စွာအရေးကြီးသည်ဖြစ်၍ အနာဂတ်မျှော်မှန်းချက် အလားအလာများနှင့် ပြည့်ဝနေသည့် လူငယ်များ၏ အရည်အသွေးနှင့် စိတ်ဓာတ်ကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးနိုင်မည့် အခန်းကဏ္ဍများကိုလည်း မြှင့်တင်ပေးလျက်ရှိပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးသည် လူငယ်များ၏ စွမ်းရည်၊ အသိဉာဏ်နှင့် စိတ်ဓာတ်အဆင့်အတန်းပေါ်တွင် မူတည်လျက်ရှိပါသည်။ မှန်ကန်သည့် အတွေးအခေါ်၊ ဉာဏ်ပညာဗဟုသုတ၊ ဆင်ခြင်တုံတရားများ ပြည့်ဝမှသာ လူမှုအသိုက်အဝန်းနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုကောင်းမွန်စွာ တည်ဆောက်နိုင်မည်ဖြစ်သည်။ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ၏ လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေရှိသည်ဖြစ်ရာ လူငယ်ကဏ္ဍဖွံ့ဖြိုးရေးကို ဖော်ဆောင်သည့်အခါ များစွာအထောက်အကူပြုပါသည်။

မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒတွင် အသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ မြန်မာနိုင်ငံသားများကို လူငယ်ဟု သတ်မှတ်ထားသည်။ လူငယ်ဆိုသည်မှာ အလားအလာကောင်းများကို ပိုင်ဆိုင်ထားကြသူများဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အကောင်းအဆိုးသည် လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းရည်အပေါ်တွင် မူတည်နေပါသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုစနစ် ပေါ်ထွန်းလာရေးအတွက် လူငယ်များက အဓိကအခန်းကဏ္ဍတစ်ရပ်မှနေ၍ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်လာစေရန် လိုအပ်ပါသည်။

ထိုသို့ ပူးပေါင်းပါဝင်လာနိုင်ရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ ပေါ်ထွန်းလာစေရန်အတွက် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် လူငယ်များက အဓိကအခန်းကဏ္ဍတစ်ရပ်မှနေ၍ စည်းလုံးညီညွတ်စွာဖြင့် ဦးဆောင်ပူးပေါင်းကြိုးပမ်း ဆောင်ရွက်လာနိုင်စေရန်၊ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စွမ်းရည်၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ဦးဆောင်မှုအရည်အသွေး ပူးပေါင်းဆောင်ရွက်ရေး စသည်တို့တွင် သာတူညီမျှ ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းစေရန်၊ လူငယ်များအတွင်း ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြီး နိုင်ငံနှင့်လူမျိုးအပေါ် ချစ်မြတ်နိုးစိတ်များ တိုးပွားလာစေရန်နှင့် နိုင်ငံတော်ကို ကာကွယ်လိုစိတ်များ ပေါ်ထွန်းလာစေရန်၊ လူငယ်များအတွင်း အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ စာပေတို့ကို ထိန်းသိမ်းမြှင့်တင်လိုစိတ်များ တိုးပွားလာစေရန်၊ လူငယ်များ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များဖြင့် လူ့အဖွဲ့အစည်းအတွင်း လူငယ်များ ပါဝင်ဆောင်ရွက်မှုကို အားပေးရန်၊ လူငယ်များကို ၎င်းတို့၏ ရည်မှန်းချက်များနှင့် စိတ်ဝင်စားမှုများအား ဆောင်ရွက်နိုင်စေရန်အတွက် ကူညီပံ့ပိုးပေးရန် စသည့်မူဝါဒများကို ချမှတ်ထားပါသည်။

ထိုမူဝါဒများအရ လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးလာစေရန်၊ နိုင်ငံတကာလူငယ်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ရင်းနှီးစွာ ထိတွေ့ဆက်ဆံပြီး လူငယ်များအကျိုးအတွက် ပိုမိုဆောင်ရွက်နိုင်စေရန်၊ လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ သိပ္ပံနည်းပညာ၊ လူမှုရေး စသည့်ကဏ္ဍများတွင် ပိုမိုဖြည့်ဆည်းမြှင့်တင်ဆောင်ရွက်ပေးနိုင်စေရန်၊ လူငယ်များကို ခေါင်းဆောင်မှုအရည်အသွေးများ လေ့ကျင့်ပျိုးထောင်ပေးရန်၊ မသန်စွမ်းလူငယ်များ၏ အခွင့်အရေး ကာကွယ်ရေးနှင့် မသန်စွမ်းလူငယ်များဘဝ မြှင့်တင်ရေးဆောင်ရွက်နိုင်စေရန်၊ အနုပညာ၊ အားကစား လှုပ်ရှားမှုများအပါအဝင် လူငယ်ရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ပြီး အချင်းချင်းအပြန်အလှန် ထိတွေ့ဆက်ဆံသင်ယူနိုင်မည့် လူငယ်စင်တာများ ထူထောင်ပေးရန်၊ နိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်အတွက် လူငယ်များကို အားကစား၊ အနုပညာ၊ ယဉ်ကျေးမှုတို့နှင့် ဆွဲဆောင်စည်းရုံးပြီး စနစ်တကျ ပြန်လည်ပြုစုပျိုးထောင်ရန် စသည့်ရည်မှန်းချက် ၇ ရပ်ကိုလည်း ပြည့်စုံအောင် ဆောင်ရွက်လျက်ရှိပါသည်။

ထိုရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် လူငယ်စင်တာများ ဖွင့်လှစ်ပြီး လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လူငယ်စင်တာများကို ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီး ကျန်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ဆက်လက်ဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လူငယ်စင်တာဆိုသည်မှာ အနုပညာ၊ အားကစား လှုပ်ရှားမှုများအပါအဝင် လူငယ်ရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ပြီး လူငယ်အချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံ သင်ယူနိုင်မည့်နေရာဖြစ်သည်။ ထိုနေရာတွင် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်များအားလုံး သွားရောက်လေ့လာသင်ယူနိုင်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ထိုလူငယ်စင်တာများမှတစ်ဆင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အထောက်အကူပြုမည့် လူငယ်များအတွက် လူငယ်အကျိုးပြုပညာရပ်များ သင်ကြားပေးလျက်ရှိပြီး လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရာတွင် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာပေးသင်တန်း၊ တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်း၊ ပိုက်ပြင်/ ပိုက်ဆက်သင်တန်း၊ Funcy လက်မှုထည်ထုတ်လုပ်နည်းသင်တန်း၊ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ အိမ်သုံးဆပ်ပြာထုတ်လုပ်မှုသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း၊ အခြေခံဓာတ်ပုံပညာသင်တန်းများ၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းများ စသည့်အသက်မွေးဝမ်းကျောင်းသင်တန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖွင့်လှစ်ကျင်းပပေးလျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံတော်၏ အနာဂတ်သားကောင်းလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် လမ်းဖွင့်ပေးထားပါသည်။

ထို့အပြင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးပရဟိတကျောင်းမှ လူငယ်များ၊ အခြေခံအထက်တန်းကျောင်းမှကျောင်းသား ကျောင်းသူ လူငယ်များ၊ တက္ကသိုလ်/

*စာမျက်နှာ ၁၃ သို့*

# နောက်ခံမတူမပြူစု ရည်တူမျှော်မှန်းလူငယ့်လမ်း

- အမိဝမ်းမှ ကျွတ်စကပင်
လူလျှင်ဖြစ်ငြား ကွဲပြားအခြေအနေ
မိဘတွေ၏ ခြေနေအရပ်ရပ်
သိမှတ်ပြုရာ မတူပါ၍
မွေးလာလူလေး မယ့်ရင်သွေးလည်း
အသွေးအသွင် ကွဲပြားချင်၏။
- ကြီးပြင်းလာရာ ခရီးမှာလည်း
တူတာမရှိ ကွဲပြားဘိ၏။
- အသိစိတ်ဓာတ် လွှမ်းပတ်ခြုံသိုင်း
ကိုယ့်တိုင်းပြည်တွက် ခံယူချက်မှု
အတူတူတည့် ဘယ်လူမျိုးမှ
ဗိုလ်ကျမခံ တွန်းလှန်ကြမည်
စိတ်တူညီဖြင့် အခွင့်အာဏာ
ချုပ်ခြာမထိ စောင့်ရှောက်ကြည့်မည်
အသိတူတူ ဒို့ပြုမူ။
- လူငယ်အပေါင်း ဤလမ်းကြောင်းဖြင့်
စိတ်ကောင်းမွန်မြတ် ထားရှိအပ်သည်
ဒို့တိုင်းပြည်တွက် သက်ကိုပင်စွန့်
ဝင့်ဝင့်ကြွားကြွား ခိုင်စိတ်ထားဖြင့်
ကြိုးစားကာကွယ်ကြရမည်။
- ငါးတန်ဖလ ပြည့်စုံကြ၍
ဘဝရည်မှန်း ဒို့တက်လမ်းကို
ကိုယ်စွမ်းရှိသမျှ
လုံ့လစိုက်ထုတ် ကြိုးကုတ်မပြတ်
စိတ်ဓာတ်ခိုင်ကျည် တိုင်းပြည်အတွက်
သက်စွန့်ကြိုးပမ်း ရွှင်ရွှင်လန်းဖြင့်
ပင်ပန်းသော်ငြား တူထားစိတ်ဓာတ်
မြင့်မြတ်ပါစေ လူငယ်တွေ။
တိုင်းပြည်အတွက် အသက်ပေးဝေ။

(ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ဂုဏ်ပြုလျက်)

ဘိုမျိုး(ရွှေဘို)

စာမျက်နှာ ၁၂ မှ
ကောလိပ်/သိပ္ပံကျောင်းများမှ လူငယ်များကို ဖိတ်ကြားပြီး လူငယ်နှီးနှောဖလှယ်ပွဲ အစီအစဉ်များ၊ လူငယ်စကားဝိုင်းကျင်းပ၍ အမျိုးဘာသာ၊ သာသနာကို လေးစားတန်ဖိုးထားတတ်စေရန် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ မဟာသကျရုံသီရုပ်တော်မူဘုရားကြီး၊ သံဝေဇနိယလေးဌာန စသည့်နေရာများသို့ သွားရောက်ဖူးမြော်စေခြင်း၊ လူငယ်လှုပ်ရှားမှုလုပ်ငန်းများအနေဖြင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်၊ ရေပန်းဥယျာဉ်တို့သို့ အပန်းဖြေလေ့လာစေခြင်း၊ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းများနှင့် မြန်မာ့အာဇာနည်သူရဲကောင်းများအကြောင်း သိရှိနိုင်စေရန် အမျိုးသားပြတိုက်၊ တပ်မတော်စစ်သမိုင်းပြတိုက်များသို့ သွားရောက်လေ့လာသည့် လူငယ်လေ့လာရေးခရီးစဉ်များကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။

ထို့နောက် လူငယ်များကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန်အတွက် နိုင်ငံတကာသို့ စေလွှတ်သည့် အစီအစဉ်များကိုလည်း စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတကာလူငယ်ဖိုရမ်များ၊ ချစ်ကြည်ရေးခရီးစဉ်များ၊ အာဆီယံနှင့် ဒေသတွင်းလူငယ်ဖလှယ်ရေးအစီအစဉ်များ (Youth Exchange Programs) နှင့် နိုင်ငံတကာတွင်ကျင်းပသော လူငယ်ထိပ်သီးညီလာခံများသို့ မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့များကို စေလွှတ်ခြင်းဖြင့် လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် အတွေးအခေါ် အမြင်များကို ပိုမိုကျယ်ပြန့်လာစေပါသည်။

နိုင်ငံတကာယဉ်ကျေးမှုနှင့် အတွေ့အကြုံသစ်များကို လေ့လာခွင့်ရရှိခြင်းသည် လူငယ်များအကြား နိုင်ငံတကာဆက်ဆံရေးကဏ္ဍကို ပိုမိုခိုင်မာစေရုံသာမက မိမိတို့နိုင်ငံ၏ ဒေသန္တရအသိပညာနှင့် ယဉ်ကျေးမှုများကို ကမ္ဘာသို့ ထုတ်ဖော်ပြသခွင့် ရရှိကာ နောင်တစ်ချိန်တွင် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်မည့် ထူးချွန်ထက်မြက်သော ခေါင်းဆောင်ကောင်းများအဖြစ် ပေါ်ထွက်လာစေရန် များစွာ အထောက်အကူပြုလျက်ရှိပါသည်။

လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ASEAN Ministerial Meeting on Youth (AMMY)၊ Senior Officials Meeting On Youth (SOMY)၌ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်များအား တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်ဖြစ်၍ မြန်မာလူငယ်များကို အာဆီယံဖောင်ဒေးရှင်းနှင့် မိတ်ဖက်နိုင်ငံများပူးပေါင်းပြီး နှစ်စဉ် အစီအစဉ်အမျိုးမျိုးဖြင့် ကျင်းပပေးလျက်ရှိသည့် အာဆီယံလူငယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲ (ASEAN Youth Cooperation Workshop)များသို့လည်း တက်ရောက်နိုင်ရန် စေလွှတ်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာလူငယ်များ တက်ရောက်ခွင့်ရသည့်အတွက် အာဆီယံ၏ လုပ်ငန်းယန္တရားများနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုပုံစံများကို လက်တွေ့လေ့လာခွင့်ရရှိခြင်း၊ အခြားနိုင်ငံမှ လူငယ်ခေါင်းဆောင်များ၊ ပညာရှင်များနှင့် နည်းပညာတိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများ၊ အနာဂတ်အလုပ်အကိုင်ကဏ္ဍများ၊ လူငယ်ထုအတွင်း ဉာဏ်ရည်တု(AI)နှင့် ဒီဂျစ်တယ်နည်းပညာများကို စနစ်တကျ အသုံးချနိုင်စွမ်းအားများနှင့်အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လူငယ်ခေါင်းဆောင်များနှင့် တိုက်ရိုက်ထိတွေ့ဆွေးနွေးခွင့်ရရှိခဲ့ပြီး ဒေသတွင်းရင်ဆိုင်နေရသော စိန်ခေါ်မှုများအတွက် လူငယ်များ၏ အသံနှင့် အကြံပြုချက်များကိုလည်း လူငယ်ခေါင်းဆောင်များ အချင်းချင်းအကြား မျှဝေပြောကြားနိုင်သည့် အခွင့်အရေးများ ရရှိစေပါသည်။

ထိုကဲ့သို့ နိုင်ငံတကာအာဆီယံဒေသတွင်း လူငယ်များအတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းများအပေါ် သိရှိလေ့လာခွင့်ရရှိခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ရေရှည်စီမံကိန်းအား သိရှိနားလည်ခြင်း၊ လူငယ်ကိုယ်စားလှယ်များ၏ အတွေးအခေါ်များ၊ အယူအဆများအား သိရှိလေ့လာခွင့်ရရှိခြင်း၊ ဒေသဆိုင်ရာ ညီညွတ်မှုကို မြှင့်တင်ပေးနိုင်ခြင်း စသည့်အားသာချက်များကို အာဆီယံလူငယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ခြင်းဖြင့် သိရှိနိုင်သောကြောင့် လူငယ်များအတွက် လွန်စွာအကျိုးကျေးဇူးရှိပါသည်။

လူငယ်ရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် နိုင်ငံတော်မူဝါဒတွင်ပါရှိသည့် ကလေးများအားလုံး အခြေခံအလယ်တန်းအဆင့် KG+9 အထိ ကျောင်းပညာသင်ကြားရမည်ဖြစ်ရာ အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာအထက်တန်းကျောင်း KG+12 အထိ ပညာဆက်လက်မသင်ယူနိုင်သော အထူးအလေးပေးရမည့် ကျောင်းနေအရွယ် ကျောင်းပြင်ပရောက် ကလေးများအုပ်စုတွင် ပါဝင်သည့် ကျောင်းသားလူငယ်များအား အသက်မွေးဝမ်းကျောင်းပညာ ဆက်လက်သင်ယူနိုင်ရေးနှင့် ၎င်းလူငယ်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်စရိတ်များကို ထောက်ပံ့ပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ သတ်မှတ်လူဦးရေနှုန်းထားအတိုင်း တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် လူငယ်ဦးရေ ၁၅၀ အား ထောက်ပံ့ပေးအပ်ခဲ့ခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၂၅-၂၀၂၆ ကိုလည်း ဖော်ဆောင်လျက်ရှိသကဲ့သို့ နိုင်ငံတော်အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်သည့် လူငယ်ရေးရာအဖြာဖြာ ကဏ္ဍပေါင်းစုံမြှင့်တင်ရေး ညွှန်ကြားချက်များကို စဉ်ဆက်မပြတ် လိုက်နာစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ သွားရောက်ပြီး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများ ကျင်းပပေးပြီး လူငယ်များ၏ ထင်မြင်ချက်၊ ယူဆချက်၊ အကြံပြုချက်များကို နားစွင့်၍ လူငယ်များ၏ လိုအပ်ချက်များ ပြည့်စုံစေရန်အတွက် လိုအပ်သည့်အရင်းအမြစ်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါသည်။

ဤကဲ့သို့ လူငယ်ရေးရာဝန်ကြီးဌာန၏ မြန်မာနိုင်ငံ လူငယ်ရေးရာအဖြာဖြာ ဆောင်ရွက်ချက်များကို သိရှိလိုပါက Facebook စာမျက်နှာပေါ်ရှိ @informationyouth13. သို့ ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ လူငယ်ရေးရာဝန်ကြီးဌာနသည် လူငယ်များ၏ အားကိုးအားထားရာ **လူငယ်ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဆောင်ရွက်ရာ ဝန်ကြီးဌာနတစ်ခုအဖြစ်** ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား -**
လူငယ်ရေးရာမူဝါဒ၊ ၂၀၁၇
မြန်မာ့အလင်းသတင်းစာ ၂၀၂၃၊ ဩဂုတ် ၉
လူငယ်ရေးရာဦးစီးဌာန လစဉ်အစီရင်ခံစာ

## ဇေယျာသီရိမြို့နယ်၌ ၂၀၂၄ ခုနှစ် ရေကြီးရေလျှံမှုကြောင့် တာပေါင်ကျိုးပေါက်ခဲ့သည့်နေရာများနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၈

နေပြည်တော်ကောင်စီဝင် ဦးမင်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု အလယ်ရွာကျေးရွာတွင် ၂၀၂၄ ခုနှစ် ရေကြီးရေလျှံမှုကြောင့် တာပေါင် ကျိုးပေါက်သွားသည့်နေရာများအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြန်လည်ပြင်ဆင်တူးဖော်မည့်နေရာသို့ သွားရောက်ကြည့်ရှုကာ လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် သက်နှင်းအင်းကျေးရွာအုပ်စု သစ်တပ်ကလေးကျေးရွာအနီး နရဘန်ချောင်း ပြန်လည် တူးဖော်ပြီးစီးသည့်အခြေအနေနှင့် နရဘန်ချောင်းရေသည် ပေါင်းလောင်းမြစ်အတွင်း စီးဆင်းသွားမည့်အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)



မြင်းခြံမြို့၌ အိမ်ထောင်စုအလိုက် စားအုန်းဆီဝယ်ယူနိုင်ရေး ဆီစာအုပ်များ ကွင်းဆင်းထုတ်ပေးခြင်းကို ဩဂုတ် ၈ ရက်က အမှတ် ၁၈ ရပ်ကွက်၌ပြုလုပ်ခဲ့ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းလင်းနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းစိုးက ကွင်းဆင်းစိစစ်ထုတ်ပေးစဉ်။ ချစ်ဦးနွေ(မြင်းခြံ)

## ဆော်ဒီအာရေဗျ၊ တူကီယဲနှင့် ပါကစ္စတန် ပူးတွဲကာကွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုး




**မက္ကာ ဩဂုတ် ၈**

အရှေ့အလယ်ပိုင်း ဒေသတွင် တည်ငြိမ်အေးချမ်းမှုကို မြှင့်တင်လိုသည့် ဆော်ဒီအာရေဗျ၊ တူကီယဲနှင့် ပါကစ္စတန် ခေါင်းဆောင်များသည် ဒေသတွင်း တင်းမာမှုများ မြင့်တက်နေချိန်တွင် ပူးတွဲကာကွယ်ရေး သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

ဆော်ဒီ အိမ်ရှေ့မင်းသား မိုဟာမက်ဘင် ဆယ်လ်မန်၊ တူကီယဲသမ္မတ ရီဆက် တေရစ်အာဒိုဂန်နှင့် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ဇ် ရှာရီးဖ်တို့သည် ဩဂုတ် ၇ ရက်က ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့တွင် ယင်း သဘောတူညီချက်ကို လက်မှတ် ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ သဘောတူညီချက်တွင် နိုင်ငံတစ်နိုင်ငံ တိုက်ခိုက်ခံရပါက အားလုံးကို တိုက်ခိုက်သည်ဟု မှတ်ယူပြီး ရန်လိုမှုများကို စုပေါင်းစွမ်းအားဖြင့် တားဆီးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ တူကီယဲသမ္မတရုံးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ယင်း သဘောတူညီချက်မှာ မည်သည့်နိုင်ငံကိုမျှ ရည်ရွယ်ခြင်းမဟုတ်ကြောင်း လူမှုကွန်ရက်တွင် ရေးသားဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

## ဂါဇာကမ်းမြောင်သို့ ထောက်ပံ့ပစ္စည်းဝင်ရောက်မှု ဇူလိုင်လတွင် ၃၃ ရာခိုင်နှုန်း မြင့်တက်

**နယူးယောက် ဩဂုတ် ၈**

ဇူလိုင်လအတွင်း ဂါဇာကမ်းမြောင်သို့ ဝင်ရောက်ခွင့်ရရှိသည့် အရေးပါသော ကူညီထောက်ပံ့ရေးပစ္စည်းပမာဏသည် ဇွန်လထက် ၃၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့က ဩဂုတ် ၇ ရက်တွင် ပြောသည်။

ဂါဇာသို့ ကူညီထောက်ပံ့ရေးပစ္စည်းများ ဝင်ရောက်ခွင့်ရရှိမှုမှာ တိုးတက်လာသော်လည်း လိုအပ်ချက်များ မြင့်မားနေဆဲဖြစ်ပြီး ပြည်သူများမှာလည်း ယင်းကူညီထောက်ပံ့မှုများအပေါ် အလွန်အမင်း မှီခိုအားထားနေရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) က ပြောသည်။

ထောက်ပံ့ပစ္စည်းများ၏ ၆၀ ရာခိုင်နှုန်းခန့်မှာ စားနပ်ရိက္ခာများဖြစ်ပြီး ကျန်ပမာဏမှာ အမိုးအကာများ၊ သောက်သုံးရေများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများဖြစ်ကြောင်း အဆိုပါရုံးက ပြောသည်။

ဂါဇာကမ်းမြောင်သို့ သယ်ဆောင်ခွင့်ပြုသည့် ထောက်ပံ့ပစ္စည်း အမျိုးအစားများအပေါ် ကန့်သတ်ချက်များရှိနေဆဲဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများမှာ မော်တော်ယာဉ်များအပေါ် မှီခိုအားထားနေရပြီး အရန်မီးစက်များကို ပြုပြင်ထိန်းသိမ်းရန် လိုအပ်သောကြောင့် စက်သုံးဆီနှင့် အပိုပစ္စည်းများ သယ်ဆောင်ခွင့်ရရှိရေးအတွက်လည်း ထပ်မံအတည်ပြုချက်များလိုအပ်ကြောင်း ၎င်း၏ မိတ်ဖက်များက ပြောကြားထားသည်။

**ဆင်ဟွာ**

## ကာလရှည် မိုးခေါင်မှုကြောင့် အမေရိကန်ရှိ အကြီးဆုံးရေလှောင်ကန် စံချိန်တင် ရေလျော့နည်း

**လော့စ်အိန်ဂျလိစ် ဩဂုတ် ၈**

အမေရိကန်နိုင်ငံရှိ အကြီးဆုံး ရေလှောင်ကန်ဖြစ်သော Lake Mead သည်ကာလရှည်ကြာမိုးခေါင်မှုကြောင့် ၁၉၃၇ ခုနှစ် ရေစတင်ဖြည့်ခဲ့သည့်နောက်ပိုင်း ရေမျက်နှာပြင်အနိမ့်ဆုံးအခြေအနေသို့ရောက်ရှိနေကြောင်း အမေရိကန်ရေအရင်းအမြစ်စီမံခန့်ခွဲရေးဗျူရို၏ အချက်အလက်များအရ သိရသည်။



အဆိုပါ ရေလှောင်ကန်၏ ရေမျက်နှာပြင်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၀၄၀ ဒသမ ၅၀ ပေသို့ ကျဆင်းသွားကြောင်း ဗျူရိုက ထုတ်ပြန်ထားပြီး ကော်လိုရာဒိုမြစ်သည် ပြည်နယ်ခုနစ်ခုကို ဖြတ်သန်းစီးဆင်းပြီး လူပေါင်း သန်း ၄၀ အတွက် ရေဖြည့်ဆည်းပေးသည်ဟု ဗျူရိုက ပြောသည်။

Lake Mead သည် ဩဂုတ်လအစောပိုင်းတွင် ၎င်း၏ရေစုဆောင်းနိုင်သည့် ပမာဏ၏ ၂၇ ရာခိုင်နှုန်းသာကျန်ရှိတော့ကြောင်း သိရပြီး ယင်းရေလှောင်ကန်သည် နီဗားဒါးပြည်နယ်နှင့် အရီဇိုးနားပြည်နယ်တစ်လျှောက် ကော်လိုရာဒိုမြစ်ကို ဟူးဗား ဆည်ဖြင့် ဆည်တား၍ တည်ဆောက်ထားသော ရေလှောင်ကန်ဖြစ်ပြီး လော့စ်ဗီးဂတ်စ်မြို့၏ အရှေ့တောင်ဘက် ၄၈ ကီလိုမီတာအကွာတွင် တည်ရှိသည်။

**ဆင်ဟွာ**

## ဘရူနိုင်းနိုင်ငံ၌ ယမန်နှစ် ကုမ္ပဏီအသစ် မှတ်ပုံတင်မှု ၁၂၅ ရာခိုင်နှုန်း မြင့်တက်

**ဘန်ဒါစီရီဘီဂါဝန် ဩဂုတ် ၈**

ဘရူနိုင်းနိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း ကုမ္ပဏီအသစ် လျှောက်ထားမှုမှာ စံချိန်တင် သိသိသာသာ မြင့်တက်လာကြောင်းနှင့် ၂၀၂၅ ခုနှစ်အတွင်း မှတ်ပုံတင်ခဲ့သည့် ကုမ္ပဏီအသစ် ၃၅၄ ခုရှိပြီး ၂၀၂၄ ခုနှစ်တွင် ကုမ္ပဏီအသစ် မှတ်ပုံတင်မှု ၁၂၅ ခုရှိခဲ့သဖြင့် ၁၂၅ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ဝန်ကြီးတစ်ဦးက ပြောကြားသည်။

ဩဂုတ် ၆ ရက်က ကျင်းပသည့် ၂၀၂၆ ခုနှစ် ဥပဒေပြုကောင်စီအစည်းအဝေး၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးတွင် ဘရူနိုင်းနိုင်ငံ၏ စီးပွားရေးမူဝါဒများ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီးနှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဖြစ်သူ ဟာဂျီအဗ္ဗဒူမာနက်ဖ် မက်တာဆင်က ယခုနှစ်အတွင်း တိုးတက်ကောင်းမွန်သည့် အရှိန်အဟုန်များ ဆက်လက်ရှိနေဆဲဖြစ်ကြောင်း ပြောသည်။

**ဆင်ဟွာ**

## ယခုနှစ်အတွင်း မကာအို၏ လူဦးရေ ၆၈၆၅၀၀ ရှိလာ

**မကာအို ဩဂုတ် ၈**

မကာအို အထူးအုပ်ချုပ်ခွင့်ရဒေသ (SAR) ၏ လူဦးရေမှာ ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်အတွင်း ၆၈၆၅၀၀ ရှိကြောင်း သိရသည်။ အဆိုပါအရေအတွက်မှာ ယမန်နှစ်ကထက် လူဦးရေ ၆၀၀ တိုးမြင့်လာကြောင်း SAR ၏ စာရင်းအင်းဝန်ဆောင်မှုက ဩဂုတ် ၇ ရက်တွင် ပြောကြားသည်။

အမျိုးသမီး ၃၇၁၀၀၀ နှင့် အမျိုးသား ၃၁၅၅၀၀ ရှိရာ စုစုပေါင်းလူဦးရေ၏ ၅၄ ဒသမ ၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြောင်း စာရင်းအင်းနှင့် သန်းခေါင်စာရင်းဌာန (DSEC) က ပြောကြားသည်။ ယခုနှစ် ပထမနှစ်ဝက်အတွင်း အသက်ရှင်လျက် မွေးဖွားသူစုစုပေါင်း ၁၃၄၀ ရှိပြီး သေဆုံးသူစုစုပေါင်းမှာ ၁၃၂၉ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## စပိန်က အီတလီမှ ဝင်ရောက်လာသူများအပေါ် ယာယီနယ်စပ်စစ်ဆေးမှုများ ပြုလုပ်မည်

**မက်ဒရစ် ဩဂုတ် ၈**

စပိန်နိုင်ငံပိုင် မြောက်အာဖရိကနယ်မြေ ဆီယူတာဒေသတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ အကျပ်အတည်းများကြောင့် စပိန်နိုင်ငံမှ ရောက်ရှိလာသော ခရီးသွားများအပေါ် နယ်စပ်ထိန်းချုပ်မှုများ ဖယ်ရှားပေးရန် အီတလီအစိုးရ၏ ငြင်းဆန်မှုကို တုံ့ပြန်သည့်အနေဖြင့် အီတလီမှ ရောက်ရှိလာသော ခရီးသွားများအား ပြည်တွင်းနယ်စပ်စစ်ဆေးမှုများ ယာယီပြန်လည် ပြုလုပ်သွားမည်ဖြစ်ကြောင်း စပိန်က ဩဂုတ် ၇ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

ဆိပ်ကမ်းများနှင့် လေဆိပ်များတွင် ပြုလုပ်မည့် ယာယီစစ်ဆေးမှုများသည် ဩဂုတ် ၈ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ပြီး အခြေအနေတစ်စုံတစ်ရာ ပြောင်းလဲမှုမရှိပါက စက်တင်ဘာ ၇ ရက်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စပိန်အစိုးရ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဆိုပါစစ်ဆေးမှုအစီအစဉ်များတွင် သက်သေခံအထောက်အထားများနှင့် စာရွက်စာတမ်းများကို ကျပန်းစစ်ဆေးမည့် အစီအစဉ်လည်း ပါဝင်ကြောင်း သိရသည်။

အီတလီသည် ကြိုတင်အကြောင်းကြားခြင်း မရှိဘဲ ဩဂုတ် ၁ ရက်မှစတင်ကာ စပိန်မှ လာရောက်သော ခရီးသွားများအပေါ် နယ်စပ်စစ်ဆေးမှုများကို တစ်ဖက်သတ် ပြန်လည်စတင်ခဲ့ကြောင်း၊ ယင်းလုပ်ရပ်သည် တရားမျှတမှုမရှိဘဲ ခွဲခြားဆက်ဆံရာရောက်ပြီး ဥရောပသမဂ္ဂ၏ အကျိုးစီးပွားနှင့်လည်း ဆန့်ကျင်နေကြောင်း စပိန်အစိုးရက ပြောသည်။ စပိန်နိုင်ငံသည် ယင်းအစီအမံများကို အမြန်ဆုံး ပြန်လည်ရုပ်သိမ်းရန် အီတလီကိုတောင်းဆိုထားကြောင်း သိရသည်။

**ဆင်ဟွာ**

## နီပေါတောင်ပေါ်တွင် ပျောက်ဆုံးခဲ့သည့် တောင်တက်သမားများဟု ယူဆရသည့် သေဆုံးသူငါးဦး တွေ့ရှိ

**ခတ္တမန္ဒူ ဩဂုတ် ၈**

နီပေါနိုင်ငံ ယာလွန်ရီတောင်ပေါ်တွင် လွန်ခဲ့သည့် ကိုးလနီးပါးက နှင်းတောင်ပြိုမှုကြောင့် ပျောက်ဆုံးသွားခဲ့သည့် တောင်တက်သမားများဟု ယူဆရသည့် သေဆုံးသူငါးဦးကို တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၇ ရက်တွင် ပြောကြားသည်။

နှင်းများ အရည်ပျော်ကျပြီးနောက် ဒိုလာခါခရိုင်ရှိ ရိုလ်ဝါလင်းတောင်တန်းအတွင်း အမြင့် ၅၆၃၀ မီတာရှိသည့် တောင်ထိပ်၏ အခြေစိုက်စခန်း၌ သေဆုံးသူများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၃ ရက်က နှင်းပြိုကျမှုအတွင်း ပျောက်ဆုံးသွားခဲ့သည့် တောင်တက်သမားငါးဦးဟု ယူဆရသော်လည်း ၎င်းတို့၏ ရုပ်အလောင်းများကို ပြန်လည်ဆယ်ယူစစ်ဆေးပြီးမှသာ အထောက်အထားများကို အတည်ပြုသွားမည်ဖြစ်ကြောင်း ဒိုလာခါခရိုင်ရဲတပ်ဖွဲ့ရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဆန်တို့ရှ် ကူးမား ခါဒ်ကာက ပြောကြားသည်။

ရဲတပ်ဖွဲ့ကို ဩဂုတ် ၇ ရက်တွင် ရဟတ်ယာဉ်ဖြင့် အခင်းဖြစ်ပွားရာနေရာသို့ စေလွှတ်ခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် သေဆုံးသူများကို ပြန်လည်ဆယ်ယူ၍ မရရှိသေးကြောင်း၊ ရာသီဥတုကောင်းမွန်လာသည်နှင့်အမျှ ၎င်းတို့ကို ပြန်လည် သယ်ဆောင်လာမည်ဖြစ်ကြောင်း ခါဒ်ကာက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

## ဂျာမနီနိုင်ငံ၌ မိုးခေါင်မှုကြောင့် သီးနှံအထွက်နှုန်းနှင့် ကုန်စည်ပို့ဆောင်ရေး ထိခိုက်

**ဘာလင် ဩဂုတ် ၈**

ဂျာမနီနိုင်ငံသည် ပြင်းထန်သည့် မိုးခေါင်မှုနှင့် ကြုံတွေ့နေရပြီး လယ်သမားများမှာ သီးနှံအထွက်နှုန်း ထိခိုက်မှုကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ဇူလိုင်လအတွင်း မိုးရွာသွန်းမှုနှုန်းမှာ နှစ်ပေါင်း ၃၀ အတွင်း ပျမ်းမျှပမာဏထက် ၅၀ ရာခိုင်နှုန်း လျော့ကျခဲ့သည်ဟု ဂျာမနီမိုးလေဝသဌာနက ပြောကြားပြီး ယင်းအခြေအနေကြောင့် ပြောင်းသီးနှံအထွက်နှုန်း ထိခိုက်နေသည်ဟု တောင်ပိုင်း ဘေဗေးရီးယားပြည်နယ်ရှိ လယ်သမားအဖွဲ့အစည်းက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# စီးပွားရေးအခွင့်အလမ်းများသည့် ပန်း စီးပွားဖြစ်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရေး

ဒေါက်တာ မောင်အောင်

*(ဩဂုတ် ၆ ရက်နေ့မှ အဆက်)*

### ကင်ညာနိုင်ငံအတွက် ဒုတိယအရေးပါဆုံး လယ်ယာပို့ကုန်

လက်ငင်းနှစ်များအတွင်း ပန်းစိုက်ပျိုးရေးတွင် အောင်မြင်လာသည့် ကင်ညာနိုင်ငံသည် ကမ္ဘာ့ဝယ်လိုအားအများဆုံးဖြစ်သည့် နှင်းဆီပန်းစိုက်ပျိုးရေးကို အဓိကလုပ်ဆောင်နေပြီး ထွက်သမျှ၏ သုံးပုံတစ်ပုံခန့်ကို ဥရောပနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး အလားအလာရှိသည့်အတွက် အစိုးရကများစွာပံ့ပိုးပေးမှုများကြောင့် ယခုအခါလယ်ယာထုတ်ကုန်များအနက် လက်ဖက်ခြောက်(tea) ပြီးလျှင် ဒုတိယဝင်ငွေအများဆုံးရရှိသည့် လယ်ယာထုတ်ကုန်ဖြစ်လာပြီး ပန်းစတင်စိုက်ပျိုးသည်မှ တင်ပို့သည်အထိ အဆင့်ဆင့်တိုင်းတွင် လုပ်သားကိုသာ အဓိကအသုံးပြုသောကြောင့် ကင်ညာနိုင်ငံတွင် အလုပ်အကိုင်ဖန်တီးမှုအများဆုံးဖြစ်ပြီး ခန့်မှန်းအားဖြင့် လူဦးရေနှစ်သန်းဝန်းကျင်ရှိကြောင်းနှင့် အများစုမှာ အမျိုးသမီးများသာဖြစ်သည့်အတွက် ပန်းတင်ပို့မှုသည် ဒေသခံပြည်သူလူထုအတွက် သိသိသာသာ အကျိုးကျေးဇူးများဖော်ဆောင်ပေး၍ မျှတသော ကုန်သွယ်မှုအသိအမှတ်ပြုလက်မှတ်ရရှိသည့် ထုတ်ကုန်ဖြစ်သည့်အတွက်လည်း ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားပို၍မြင့်တက်စေပါသည်။

ထိုနည်းတူစွာ အခြားတောင်အာဖရိကနိုင်ငံများဖြစ်သည့် အီသီယိုးပီးယား၊ တန်ဇန်းနီးယား၊ မော်ရိုကိုနိုင်ငံနှင့် တောင်အမေရိကရှိ အီကွေဒေါ၊ ကိုလံဘီယာနိုင်ငံများတွင်လည်း နှင်းဆီပန်းစိုက်ပျိုးရေးလုပ်ငန်းကို စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းခြင်း၊ ဖြန့်ဝေခြင်း စသည်တို့ကို လုပ်အားကိုသာအဓိကအသုံးပြုလာမှုကြောင့် ပန်းစိုက်ပျိုးရေးသည် ကျေးလက်ဒေသရှိ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းတစ်ရပ်ဖြစ်သလို ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု နည်းလမ်းတစ်ရပ်ဖြစ်၍ နိုင်ငံ့စီးပွားမြှင့်တင်ပေးနိုင်သည့် လယ်ယာထုတ်ကုန်အဖြစ် ပိုမိုအရေးပါလာပါသည်။

အာရှနိုင်ငံများအနက် ပန်းစီးပွားဖြစ်စိုက်ပျိုးလာသည့်နိုင်ငံများမှာ တရုတ်၊ အစ္စရေး၊ အိန္ဒိယ၊ ဩစတြေးလျတို့ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများတွင်မူ သိသာသော တိုးတက်မှုမရှိသေးပါ။ တရုတ်နိုင်ငံဆိုလျှင် ပြည်တွင်းလိုအပ်ချက်ကြောင့် ပန်းတင်သွင်းသူဖြစ်သလို ယခုအခါ ပန်းတင်ပို့သူလည်းဖြစ်လာလေသည်။ အထူးသဖြင့် ပန်းစိုက်ပျိုးမှုဖြစ်နိုင်သည့် ယူနန်ပြည်နယ်ကို ပန်းအဓိကစိုက်ပျိုးသည့်ပြည်နယ်အဖြစ် သတ်မှတ်ကာ အားပေးသောကြောင့်လည်း အချိန်တိုအတွင်း ပန်းတင်ပို့သူဖြစ်လာခဲ့လေသည်။

### ကျယ်ပြန့်သည့်စီးပွားရေးလုပ်ငန်း

ယေဘုယျအားဖြင့်ဆိုလျှင် ပန်းနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းဟုဆိုလျှင် ဈေးများ၊ လက်လီလက်ကားဒိုင်များနှင့် ပန်းဆိုင်များတွင် ပန်းစိုက်ခင်းများမှ ပန်းများဖြတ်ပြီး ရောင်းချခြင်းကိုသာ အသိများသော်လည်း မျိုးစေ့ထုတ်လုပ်ခြင်း၊ မျိုးပွားခြင်း၊ မျိုးပင်များရောင်းချခြင်း၊ ပန်းအလှဆင်လုပ်ငန်းများ၊ မွှေးကြိုင်သည့်ပန်းများမှ အဆီထုတ်၍ ရေမွှေးအမျိုးမျိုးပြုလုပ်ခြင်း၊ ပန်းမျိုးစုံပါဝင်သည့် ပန်းဥယျာဉ်များ တည်ဆောက်ကာ အပန်းဖြေစေခြင်း စသည်တို့ဖြင့် အမျိုးမျိုးပြုလုပ်နိုင်ပါသည်။

ထူးခြားသည်မှာ ရောင်စုံဖူးပွင့်နေသည့်ပန်းများသည် စိတ်ရွှင်လန်းချမ်းမြေ့ရုံသာမက စိတ်ခံတော်စွမ်းအားကိုပါ မြှင့်တင်ပေးနိုင်ပါသည်။ ကမ္ဘာပေါ်တွင် ပန်းဥယျာဉ်နှင့်ပတ်သက်၍ နာမည်အကြီးဆုံးသော ပန်းဥယျာဉ်မှာ နယ်သာလန်နိုင်ငံရှိ ကက်ကင်ဟော့ (Keukenhof) ပန်းခြံဖြစ်ပြီး နယ်သာလန်သို့ လာရောက်လည်ပတ်သူတိုင်းအတွက် ဦးစားပေးလည်ပတ်သည့်နေရာဖြစ်ပါသည်။ အဆိုပါဥယျာဉ်တွင် ကျူးလစ်အပါအဝင် ပန်းအမျိုးပေါင်း ၁၆၀၀ ကျော်ကို ပန်းရောင်စုံအမျိုးမျိုးကို ဒီဇိုင်းအစုံဖြင့် ခင်းကျင်းပြသထားသောကြောင့်လည်း ဝင်ကြေးနှင့်ပင် ပျမ်းမျှဒေါ်လာ ၃၅ သန်းဝန်းကျင် နှစ်စဉ်ရရှိနေပါသည်။

မြန်မာနိုင်ငံတွင် ပြင်ဦးလွင်မြို့ ကန်တော်ကြီးဥယျာဉ်သည် ပန်းများရှိသော်လည်း ရောင်စုံပန်းပင်အရေအတွက်၊ ခင်းကျင်းပြသသည့်ဒီဇိုင်း၊ ရောင်စုံခင်းကျင်းမှု စသည်တို့တွင် သင့်တင့်မှုသာ ရှိပါသေးသည်။ အထူးသဖြင့် လူဦးရေအထူထပ်ဆုံးဖြစ်သော စီးပွားရေးမြို့တော်ရန်ကုန်တွင်ပန်းဥယျာဉ်ကောင်းကောင်း ယခုအထိမရှိသေးပါ။ ကန်တော်ကြီးဥယျာဉ်ကိုလည်း နေရာသတ်မှတ်ပြီး ရောင်စုံပန်းများဖြင့် ပြုလုပ်မည်ဆိုလျှင် ယခုထက်ပို၍ ပြည်သူလူထုကို အပန်းဖြေဥယျာဉ်အဖြစ် စွဲဆောင်နိုင်မည်ဖြစ်ပါသည်။

### မြန်မာအတွက် အခွင့်အလမ်းလား

မြန်မာနိုင်ငံတွင် ပန်းစိုက်ပျိုးမှုကို ပြင်ဦးလွင်၊ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး၊ ရွှေညောင်ဒေသတို့တွင် အများဆုံးစိုက်ပျိုးပြီး အဓိကဈေးကွက်ဖြစ်သည့် ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ ဖြန့်ဝေရောင်းချလျက်ရှိပါသည်။ ရန်ကုန်မြို့အနီးဝန်းကျင်နှင့် အခြားမြို့ကြီးများ အနီးအနားဝန်းကျင်များတွင်လည်း စိုက်ပျိုးလေ့ရှိပါသည်။ အများဆုံးတွေ့ရသည့်ပန်းများမှာ နှင်းဆီရောင်စုံ၊ သစ်ခွပန်းအမျိုးမျိုး၊ စံပယ်ပန်း၊ ဂန္ဓမာပန်း၊ ကာနေရှင်း စသည်တို့ဖြစ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်းမှ ပန်းများကို ညနေပိုင်းတွင်ခူး၍ ညအချိန်တွင် ရန်ကုန်အရောက်ကားများဖြင့် သယ်ယူပို့ဆောင်ရောင်းချလေ့ရှိပါသည်။ ယခုအချိန်အထိ ပန်းစိုက်ပျိုးရေးသည် ပြည်တွင်းဈေးကွက်ကိုသာ အဓိကထားရောင်းချနေပြီး ပြည်ပသို့ တင်ပို့မှုမလုပ်နိုင်သေးပါ။ ယခုအခါ လောင်စာစရိတ်တိုးတက်လာမှုနှင့်အတူ ကားများနှင့် သယ်ယူရာတွင် ဂိတ်များတိုးလာမှုကြောင့် သယ်ယူပို့ဆောင်စရိတ်များ တက်လာနေခြင်းကလည်း ပြည်ပဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်မှုကို အားနည်းစေမည်ဖြစ်သည်။

> ❑ **မြန်မာအနေဖြင့်မူ ပန်းစီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရေးကို လုပ်ဆောင်မည်ဆိုလျှင် ဦးစွာ နေရာဒေသရွေးချယ်ရမည်ဖြစ်ပြီး လေဆိပ်ရှိသည့် အနီးအနားဝန်းကျင်က ပို့ကုန်အတွက်ပါ အဆင်ပြေနိုင်**
>
> ❑ **မြန်မာနိုင်ငံအနေဖြင့် ပန်းစိုက်ပျိုးနိုင်သည့် မြေများရှိနေသေးသည့်အလျောက် ကမ္ဘာ့ဈေးကွက်ဈေးနှုန်းမြင့်ပြီး ဝယ်လိုအားနှင့် ဈေးကွက်အလားအလာကောင်းများရှိသည့် ပန်းစိုက်ပျိုးရေးကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်မည်ဆိုလျှင် စိုက်ပျိုးထုတ်လုပ်သူများမှစ၍ တင်ပို့သူများပါ အကျိုးများမည်ဖြစ်သလို နိုင်ငံ့ဝင်ငွေ (GDP) ကိုလည်း အတိုင်းအတာတစ်ခုအထိ မြှင့်တင်ပေးနိုင်သည့် လယ်ယာလုပ်ငန်းတစ်ခုဖြစ်**

အမှန်တကယ်မူ မြန်မာနိုင်ငံ၏ တည်နေရာအရ အီကွေတာနှင့် နီးသည့်အတွက် တစ်နှစ်ပတ်လုံး အပူချိန်ရရှိနိုင်သည့်အတွက် သဘာဝအရ ပန်းစိုက်ပျိုးထုတ်လုပ်ရန် အခွင့်သာသည့် အခြေအနေပင်ဖြစ်သည်။ ထို့ပြင် အရှေ့တောင်အာရှနိုင်ငံများအနက် စိုက်ပျိုးနိုင်သည့် မြေလွတ်များလည်း များစွာရှိနေသေးပြီး မြန်မာနိုင်ငံအနေဖြင့် ပန်းစီးပွားဖြစ် စိုက်ပျိုးလုပ်ဆောင်ရန် အခွင့်အလမ်းအများဆုံးဟု သတ်မှတ်ခြင်းခံထားရသည့်အတွက် ပန်းစီးပွားဖြစ် စတင်နိုင်ရန် အခြေအနေကောင်းနှင့် အချိန်အခါကောင်းပင် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၏ လေ့လာမှုများအရ လက်ရှိကာလများတွင် လယ်ယာထုတ်ကုန်များအနက် ပန်းစီးပွားဖြစ်စိုက်ပျိုးမှု(တစ်နှစ်ပတ်လုံး)ကိုသာ ထုတ်လုပ်တင်ပို့နိုင်လျှင် နှင်းဆီပန်းစိုက်ပျိုးထုတ်လုပ်တင်ပို့မှုမှ အသားတင်အမြတ်ငွေ တစ်ဧကလျှင် အမေရိကန်ဒေါ်လာ (၃၀၀၀၀ မှ ၅၀၀၀၀) ဝန်းကျင်ရရှိနိုင်သည့်အတွက် လယ်ယာထုတ်ကုန်များအနက် အများဆုံးပင်ဖြစ်သည်။ လိုအပ်ချက်မှာ လုံလောက်သည့်နေရောင်နှင့် လိုအပ်သည့် “ရေ” ရရှိနိုင်ရန် စီမံရမည်ဖြစ်ပြီး ဖြစ်နိုင်ပါက Drip Irrigation စနစ်ကျင့်သုံးပါက လိုအပ်သည့်အချိန်တွင် အမြစ်အထိရောက်အောင် ပေးနိုင်သည့်အတွက် ပို၍ထိရောက်ပါသည်။

မြန်မာနိုင်ငံသည် အပူပိုင်းဇုန်တွင် တည်ရှိသည့်အတွက် အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မည်သည့်ပန်းမဆို အရောင်အသွေးအားဖြင့် လှသလို မွှေးကြိုင်သည့်အနံ့ကိုလည်း ပေးနိုင်သည့်အတွက် စွဲမက်ဖွယ်ဖြစ်သည်။ အထူးသဖြင့် ဂျပန်၊ ကိုရီးယား၊ တရုတ်စသည့် နိုင်ငံတို့တွင် ပန်းမျိုးစုံစိုက်ပျိုးနိုင်သော်လည်း မွှေးရနံ့ပေးနိုင်မှုအားနည်းခြင်းကလည်း အပူချိန်မြင့်သည့် မြန်မာအတွက် အားသာချက်ဖြစ်လာပေသည်။

မြန်မာအနေဖြင့်မူ ပန်းစီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရေးကို လုပ်ဆောင်မည်ဆိုလျှင် ဦးစွာ နေရာဒေသရွေးချယ်ရမည်ဖြစ်ပြီး လေဆိပ်ရှိသည့် အနီးအနားဝန်းကျင်က ပို့ကုန်အတွက်ပါ အဆင်ပြေနိုင်သည့်အတွက် အောက်မြန်မာပြည်ကိုသာ အခြေပြုသင့်ပြီး တံတားဦးလေဆိပ်နှင့်နီးသည့် ရှမ်းပြည်နယ်တောင်ပိုင်းလည်း လုပ်ဆောင်နိုင်ပါသည်။ လုပ်ဆောင်သည့် စီးပွားရေးလုပ်ငန်းပုံစံမှာ ပြည်တွင်းဈေးကွက်ကို ဦးစွာဦးတည်လုပ်ဆောင်ပြီး အောင်မြင်လာမှ ပို့ကုန်လုပ်ငန်းမျှော်မှန်းသင့်ပါသည်။

ပန်းစီးပွားဖြစ်စိုက်ပျိုးသည့် နေရာဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်ကိုပါ ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထို့ပြင် ပြည်ပဈေးကွက်သို့ ထိုးဖောက်မည်ဆိုလျှင်လည်း မဖြစ်မနေ လုပ်ရမည့်ကိစ္စမှာ ပန်းခူးဆွတ်သည့်နေရာမှ ဖြန့်ဖြူးသည်အထိ လိုအပ်သည့် အပူချိန်ထိန်းသိမ်းရန် အအေးခန်း သယ်ယူပို့ဆောင်သိုလှောင်စနစ်ကိုပါ စီမံရမည်ဖြစ်သည်။ ထို့ပြင် ဒီဂျစ်တယ်မားကတ်တင်းနှင့် အွန်လိုင်းရှော့ပင်းတို့ကိုပါသုံးပြီး လက်ကားဈေးကြီးများ၊ ကုန်တိုက်ကြီးများကို တိုက်ရိုက်ချိတ်ဆက်နိုင်မှသာ ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါသည်။

ကမ္ဘာ့ဈေးကွက်အလားအလာတွင်လည်း အာရှပစိဖိတ်ဒေသသည် အခြားသောဒေသများထက် တိုးတက်မှုနှုန်းများသည့်အတွက်လည်း ပန်းမျိုးစုံတင်ပို့သူများအတွက် အထူးစိတ်ဝင်စားလာသည့် ဈေးကွက်လည်းဖြစ်သည်။ အာရှနိုင်ငံများအနက် တရုတ်၊ အစ္စရေး၊ အိန္ဒိယ၊ ဩစတြေးလျတို့သည် ပန်းတင်ပို့သူများဖြစ်သော်လည်း နှင်းဆီပန်းထက် အခြားပန်းများသာ များပါသည်။ အရှေ့တောင်အာရှနိုင်ငံများအနက် နှင်းဆီပန်းစိုက်ပျိုးမှုရှိသော်လည်း များများစားစားတင်ပို့နိုင်မှုမရှိသေးပေ။ နှင်းဆီအမျိုးအစားများအနက် ဂျူးလီယက်နှင်းဆီ (Juliet Rose) သည် အရည်အသွေးမြင့်သောကြောင့် ဈေးနှုန်းလည်း မြင့်ပါသည်။

နှင်းဆီပန်း အရောင်အမျိုးမျိုးရှိသော်လည်း ရှားပါးသည့်အရောင်မှာ အပြာရောင်ဖြစ်သည့်အတွက် အခြားအရောင်များထက် ဈေးနှုန်းမြင့်ပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် ပန်းစိုက်ပျိုးနိုင်သည့် မြေများရှိနေသေးသည့်အလျောက် ကမ္ဘာ့ဈေးကွက်ဈေးနှုန်းမြင့်ပြီး ဝယ်လိုအားနှင့် ဈေးကွက်အလားအလာကောင်းများရှိသည့် ပန်းစိုက်ပျိုးရေးကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်မည်ဆိုလျှင် စိုက်ပျိုးထုတ်လုပ်သူများမှစ၍ တင်ပို့သူများပါ အကျိုးများမည်ဖြစ်သလို နိုင်ငံ့ဝင်ငွေ (GDP)ကိုလည်း အတိုင်းအတာတစ်ခုအထိ မြှင့်တင်ပေးနိုင်သည့် လယ်ယာလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း လေ့လာသုံးသပ်ဖော်ပြလိုက်ပါသည်။

**ရည်ညွှန်း**


–BBC : ‘Asia–Pacific Floriculture Market Outlook, 2029’ https://www.bbc.com>the_new_roots_of_flower_trade Global cut flower market

–Fortune Business Insight : Floriculture Market Size, Share, Industry https://www.fortunebusinessinsight.com

–Grand View Research : Cut Flowers Market Size, Share & Trends Report (2026–2033) https://www.cutflowersmarket (2026–2033)

–OEC : Cut Flowers (HS: 0603), Product, Trade, Exporters and Importers https://www.theobservatoryofeconomiccomplexity.com

–MFFVPEA : Myanmar Fruit Flower and Vegetable Producer and Exporter Association, Yangon. https://www.mffvpea.org


❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဖလမ်းမြို့ ဒေသခံနေအိမ်များ ပြန်လည်ပြုပြင်ရန် ဘိလပ်မြေ၊ သွပ်နှင့် သွပ်ရိုက်သံများ ထောက်ပံ့ပေး



**ဖလမ်း ဩဂုတ် ၈**

ချင်းပြည်နယ် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဒေသခံနေအိမ်များ ပြန်လည်ပြုပြင်ရန် ဘိလပ်မြေ၊ သွပ်နှင့် သွပ်ရိုက်သံများကို ပျက်စီးဆုံးရှုံးမှုအလိုက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဖလမ်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးသည် ပြည်နယ်ဝန်ကြီးများ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အဖွဲ့ဝင်များနှင့်အတူ ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

အလားတူ ရှခင်းသာလမ်းနှင့် ကြွန်ဘိခ်လမ်းတစ်လျှောက်သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ လွတ်လပ်ရေး ဆုတောင်းပြည့်စေတီနှင့် မဟာဗောဓိညောင်ပင်စေတီတော် ပရိဝုဏ်အတွင်းနှင့် စေတီပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှု၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဌာနဆိုင်ရာ ဝန်ထမ်းအိမ်ရာနှင့် ဒေသခံပြည်သူများ၏ နေအိမ်များပြုပြင်နေမှုကို ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေသည့် နယ်မြေခံတပ်မှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများကို မုန့်နှင့် အချိုရည်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လားရှိုးမြို့၌ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပွဲကျင်းပ

**လားရှိုး ဩဂုတ် ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ပြည်ထောင်စု အားကစားကွင်း၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်ပညာရေးမှူးရုံး (ရုံးခွဲ) ရှမ်းမြောက်မှ ပြည်နယ်ပညာရေးမှူး ဦးတင့်ဆွေက အမှာစကားပြောကြားသည်။



ထို့နောက် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ချီးမြှင့်ငွေများနှင့် အားကစားပစ္စည်းများ ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းမော်က လက်ခံရယူသည်။

အဆိုပါ အားကစားပြိုင်ပွဲများအား ဩဂုတ် ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လားရှိုးမြို့နယ်အတွင်းရှိကျောင်းသားကျောင်းသူ စုစုပေါင်း ၂၀၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ချမ်းမြသာစည်မြို့နယ်၌ အိမ်သုံးလျှပ်စစ်မီတာများ တပ်ဆင်ပေး

**ချမ်းမြသာစည် ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ တိုင်းဒေသကြီးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အိမ်သုံးလျှပ်စစ်မီတာများ တပ်ဆင်ပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြရည်နန္ဒာရပ်ကွက်ရှိ တန်ဖိုးမျှတအိမ်ရာ၊ မမ(၁၆)၊ တိုက်အမှတ်(၁၉) ၌ တပ်ဆင်ပေးလျက်ရှိသည်။

အဆိုပါ အိမ်သုံးလျှပ်စစ်မီတာများ တပ်ဆင်ပေးခြင်းကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ယခင်က လျှပ်စစ်ဓာတ်တိုင်များပေါ်တွင် စုပေါင်းတပ်ဆင်ထားသော မီတာများကို ဓာတ်အားသုံးစွဲသူများ နေထိုင်သည့် အိမ်/ အိမ်ခန်းအသီးသီးသို့ ပြောင်းလဲတပ်ဆင်ပေးကာ ဓာတ်အားသုံးစွဲသူများအနေဖြင့် မိမိဓာတ်အားသုံးစွဲမှုပမာဏကို အလွယ်တကူကြည့်ရှုနိုင်၍ ချင့်ချိန်သုံးစွဲနိုင်မည်ဖြစ်ရာ မီတာများ တိုင်ပေါ်တိုင်အောက် တပ်ဆင်ခြင်းလုပ်ငန်းများကို လျှပ်စစ်မီးသုံးစွဲသူပြည်သူများက မြို့နယ်လျှပ်စစ်ဦးစီးဌာန ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး ကျန်ရှိနေသော တိုက်ခန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## မုဒုံမြို့၌ မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

**မုဒုံ ဩဂုတ် ၈**

မွန်ပြည်နယ် မုဒုံမြို့၌ ၂၀၂၄ ခုနှစ် မြို့နယ်အဆင့်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့က မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ပြုလုပ်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများကို ဩဂုတ်လတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုအလေ့အထရရှိစေရန်၊ ကလေးငယ်များ အာဟာရပြည့်ဝစေရန်၊ စီမံကြီးထွားဖွံ့ဖြိုးမှုရှိစေရန်၊ မိခင်နှင့်ကလေးကျန်းမာရေးမြှင့်တင်ရန် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နှီးနွှယ်ဌာနများမှ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရာမည (ပြန်/ဆက်)**

## အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၌ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ကျောက်ဆည် ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်) ၌ ဩဂုတ် ၃ ရက်က မိုးရာသီ ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖူဆယ်ဘောလုံးပြိုင်ပွဲ စတင်ကျင်းပခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## နေရှင်နယ်ဘဏ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ၁၆ ဦးအဆင့် အယ်လာ တက်ရောက်

နေရှင်နယ်ဘဏ်အိုးပင်းတင်းနစ် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ဖိလစ်ပိုင် ထိပ်တန်းတင်းနစ်မယ် အလက်ဇန္ဒြား အယ်လာက အမေရိကန်တင်းနစ်မယ် ကေတီ



မက်နဲလီကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၆-၃၊ ၅-၇၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၁၆ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

၎င်းသည် ယခုပြိုင်ပွဲမတိုင်မီ ယခုလအစောပိုင်းက ကျင်းပခဲ့သည့် မူဘာဒါလာဒီစီ အိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အမေရိကန်နာမည်ကြီး တင်းနစ်မယ် ဂျက်ဆီကာ ပဲဂူလာကို ထိုက်ထိုက်တန်တန် အနိုင်ယူပြီး သမိုင်းဝင်ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ထို့အပြင် ၎င်းသည် ဇွန်လက ကျင်းပခဲ့သည့် ဘာမင်ဂမ်ကလက်ဆစ်ပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲတွင်လည်း ချက်ဇ်တင်းနစ်မယ် နီကိုလာ ဘာတွန်ကိုဗာကိုအနိုင်ယူပြီး ဖလားဆွတ်ခူးထားသူဖြစ်သည်။

အယ်လာသည် နေရှင်နယ်ဘဏ်အိုးပင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ဆွစ်ဇာလန်ထိပ်တန်းတင်းနစ်မယ် ဘီလင်ဒါဘင်းဆစ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဘင်းဆစ်သည် ၃၂ ဦးအဆင့်တွင် အမေရိကန်တင်းနစ်မယ် တေလာ တောင်းဆန့်ကို အနိုင်ယူကျော်ဖြတ်ထားသူဖြစ်သည်။ နေရှင်နယ် ဘဏ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ၁၆ ဦးအဆင့်သို့ အယ်လာနှင့်အတူ ဆွီယာ တက်ခ်၊ ပဲဂူလာ၊ ဆာဘယ်လင်ကာ၊ အနီဆီမိုဗာ၊ ရီဘာကီနာ၊ အိုဆာကာ၊ ကိုကိုဂေါ့ဖ် စသည့် ထိပ်တန်းတင်းနစ်မယ်များ တက်လှမ်းထားနိုင်ပြီဖြစ်သည်။ **အောင်ဇော်**

## သံလွင်မြစ်၊ စစ်တောင်းမြစ်နှင့် ဒုဋ္ဌဝတီမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၈**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ မဒေါက်မြို့နှင့် မြစ်ငယ်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။ **မိုး/ဇလ**

## ပခုက္ကူမြို့ ဧရာဝတီတံတား(ပခုက္ကူ)အနောက်ဘက်ရှိကျေးရွာများ မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်



**ပခုက္ကူ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ဧရာဝတီတံတား(ပခုက္ကူ) အနောက်ဘက်ကျေးရွာများ ဧရာဝတီမြစ်ရေတိုက်စားမှုမှ သက်သာစေရေး သံမဏိကြိုးဆိုင်းရေကာများဖြင့် မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဦးနှင့် တာဝန်ရှိသူများက ဩဂုတ် ၅ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မင်းနှင့် တာဝန်ရှိသူများက ဩဂုတ် ၆ ရက်တွင် ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအုပ်စုတို့ရှိ မြစ်ကမ်းပါးအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## ပန်းတောင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**ပန်းတောင်း ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဒေါင်းမြတ်နားကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယမန်နေ့က အဆိုပါကျေးရွာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် သမဝါယမဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နှင့် မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားကြသည်။



ယင်းနောက် တက်ရောက်လာကြသော ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။



မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘုရားကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၆ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၁၆ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား အသင်းသူ ၁၀၂ ဦးကို တတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



## ရွှေဘိုမြို့၌ လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်း လက်တွေ့ကွင်းပြသ

**စစ်ကိုင်း ဩဂုတ် ၈**

ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း လက်တွေ့ကွင်းပြသခြင်းကို ဩဂုတ် ၄ ရက်က ရွှေဘိုမြို့နယ် မြို့မအုပ်စု၌ ပြုလုပ်ရာ ရွှေဘိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် အကျိုးကျေးဇူးများကို ပြောကြားပြီး တောင်သူများအား လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ချောက်မြို့နယ်၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ပြုလုပ်

**ချောက် ဩဂုတ် ၈**

ချောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုကို ယမန်နေ့က ချောက်မြို့ အထက(၁) မြရိပ်ညိုခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦးက မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသန်းမြိုင်က ကျောင်းများတွင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ အာဟာရကျွေးခြင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်၊ သွားကျန်းမာရေး၊ သွားနှင့်ခံတွင်း ဖြစ်တတ်သည့် ရောဂါများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**



## ကျော့သောင်းမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**ကျော့သောင်း ဩဂုတ် ၈**

ကျော့သောင်းမြို့တွင် လူငယ်စကားဝိုင်းကို အစိုးရနည်းပညာအထက်တန်းကျောင်း၌ ယမန်နေ့က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာ အောင်ကျော်စိန်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဝါဝါခိုင်က ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် Green Environment၊ Online Game ၏ ကောင်းကျိုး၊ ဆိုးကျိုးများ၊ AI နည်းပညာနှင့် လူငယ်နှင့် အားကစား ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြသည်။




ယင်းနောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းခဲ့ကြရာ စကားဝိုင်း ပြောကြားကြသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများက စကားဝိုင်း ဆွေးနွေးပြောကြားသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုဆောင်ရွက်

**မော်လမြိုင် ဩဂုတ် ၈**

မော်လမြိုင်မြို့နယ်၌ ၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုကို ဩဂုတ် ၆ ရက်က မော်လမြိုင်မြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနများ၌ ကျင်းပရာ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနသည် မွေးကင်းစကလေးများ ရောဂါကင်းရှင်းပြီး ကျန်းမာသန်စွမ်းစွာ ကြီးထွားဖွံ့ဖြိုးလာစေရန်၊ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်း၏ အရေးပါမှုကို နားလည်သဘောပေါက်စေရန်နှင့် စနစ်တကျ မိခင်နို့တိုက်ကျွေးသည့် အလေ့အကျင့်ကောင်းများ ပျံ့နှံ့ရှိစေရန် ရည်ရွယ်၍ မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မော်လမြိုင်မြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနများ၌ နို့တိုက်မိခင်များအား ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ရွှေမြိုင်သူ(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ပစ်တိုင်းထောင်ရောင်းဝယ်ရေး သမအသင်း အမှုဆောင်သစ်ရွေးချယ်

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပစ်တိုင်းထောင် ရောင်းဝယ်ရေး သမဝါယမအသင်း၏ နှစ်ပတ်လည် အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ခြင်းကို ဩဂုတ် ၇ ရက်က အမှတ်(၃၂)ရပ်ကွက် ဆက်သွယ်/ရေကြောင်းဓမ္မာရုံ၌ ကျင်းပရာ ပစ်တိုင်းထောင် ရောင်းဝယ်ရေး သမဝါယမအသင်းဥက္ကဋ္ဌနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေခြည်နွေးနွေးသိမ့်တို့က အမှာစကား ပြောကြားသည်။ ထို့နောက် အသင်းအမှုဆောင်များမှ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြခဲ့ပြီး အသင်းသားများအား အကျိုးဝေစုနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကာ အသင်းအမှုဆောင်သစ်များအား ရွေးချယ်ခဲ့ကြောင်း သိရသည်။



**မြင့်မြင့်ရီ**

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၃၁၉၀၇ ဧကအထိ စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၃၁၉၀၇ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၃၁၉၀၁ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါဆီထွက်သီးနှံဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးခြင်းကို ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲ ၆၀၆၅ ဧက၊ နှမ်း ၂၄၇၂၂ ဧက၊ နေကြာ ၁၁၂၀ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ ၃၁၉၀၇ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ဆီထွက်သီးနှံများကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ သီးနှံဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံများကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## လယ်ဝေးမြို့နယ် အောင်းကုန်းကျေးရွာ၌ လူငယ်အသိပညာပေး ဟောပြော

**နေပြည်တော် ဩဂုတ် ၈**

နေပြည်တော် လယ်ဝေးမြို့နယ် အောင်းကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ လူငယ်အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၇ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံစေရန် အမှာစကားပြောကြားသည်။



ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကာ အသိပညာဗဟုသုတမေးခွန်းများ မေးမြန်း၍ ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရ ဆုလက်ဆောင်များ ပေးအပ်ပြီး နေပြည်တော် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်တာက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ပေးအပ်

**ကျောက်တံခါး ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းဦးက ကျေးရွာမြေငှားဂရန်များ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သာယာကုန်းကျေးရွာမှ မြေငှားဂရန်လျှောက်ထားမှုတွင် လုပ်ထုံးလုပ်နည်းနှင့် အကျုံးဝင်သည့် အိမ်ခြေ/မြေကွက်ပေါင်း ၈၂ ကွက်အား ကျေးရွာမြေငှားဂရန်များကို ပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။



**မျိုးမင်း(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ အယ်လ်နီညိုနှင့် မီးခိုးမြူငွေ့ဆိုင်ရာ အသိပညာပေး ဟောပြော

**ချောင်းဆုံ ဩဂုတ် ၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား အယ်လ်နီညိုနှင့် မီးခိုးမြူငွေ့ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၇ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၀ တက်ရောက်သည်။



ဟောပြောပွဲတွင် မော်လမြိုင်ခရိုင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စီစီမိုးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်၏ နောက်ဆက်တွဲဆိုးကျိုးများ၊ မီးခိုးမြူငွေ့များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုများ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ဟောပြောခဲ့ကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

## ကျိုက်မရောမြို့နယ်၌ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှု မရှိစေရေးကွင်းဆင်းစစ်ဆေး

**ကျိုက်မရော ဩဂုတ် ၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ လျှပ်စစ်သုံးစွဲသူ ပြည်သူများအား ဓာတ်အားလေလွင့်ပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့် တရားမဝင်ဓာတ်အားရယူ သုံးစွဲမှုများမရှိစေရေးတို့ကို အလေးထားဆောင်ရွက်ရန် မော်လမြိုင်ခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းထွန်းဦးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအာကာစိုးထိုက် ဦးဆောင်သောအဖွဲ့များက ယမန်နေ့နံနက်ပိုင်းက ရန်မျိုးအောင် ရပ်ကွက် ၅ နှင့် အထရံ ရပ်ကွက်အတွင်း ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့စစ်ဆေးရာ၌ လုပ်ငန်းသုံးမီတာနှင့် အိမ်သုံးမီတာများ ယူနစ်မှန်ကန်မှုရှိစေရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးကာ မီတာဖတ်ချက် မှန်ကန်မှုရှိစေရေး၊ Capacitor Bank များ Active Condition ဖြစ် မဖြစ်တို့ကိုလည်း အလေးထားဆောင်ရွက်ရန် စစ်ဆေးခဲ့ကြောင်း သိရသည်။ **ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း ဆောင်ရွက်

**ဘီးလင်း ဩဂုတ် ၈**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို မရမ်းကုန်းကျေးရွာအုပ်စု ပိုင်ဒံလေးကျေးရွာ၌ပြုလုပ်ရာ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းနှင့်ပတ်သက်သည့် အကြောင်းအရာများ ရှင်းလင်းပြောကြားကာ ကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများ၏ဆန္ဒနှင့်အညီ ကျေးရွာလုပ်ငန်းအဖွဲ့ ခုနစ်ဦးအား ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **ဘုန်းမြတ်**

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၈-၂၀၂၆ တနင်္ဂနွေနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်များက ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်း |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | ကျန်းမာလှပမှုမှာ…ချမ်း |
| ၀၉:၁၅ | ကာတွန်းအစီအစဉ် 'ထူးဆန်းထွေလာစခန်းသာ' (အပိုင်း-၅) |
| ၁၀:၀၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၁:၂၀ | 'ချစ်သူဆွဲအား' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ် |
| ၁၁:၄၀ | အသိပညာနှင့်အမှန်တရား |
| ၁၂:၃၅ | This Week's Special Interest |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | မြန်မာဂန္ထဝင်ရုပ်ရှင် 'ထမင်းဆီဆမ်းငွေလင်ပန်းနှင့်' |
| ၁၆:၄၅ | Sports Diary |
| ၁၇:၁၀ | ထူးခြားစုံလင်အာရုပစိဗိတ်အစီအစဉ် |
| ၁၇:၂၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၇:၃၅ | ကမ္ဘာ့အလယ်မှာဝင့်ထည်စေဖို့ မြန်မာ့ချည်ထည်များဝတ်ကြစို့ (ဗမာစိတ်အထည်ချုပ်လုပ်ငန်း) |
| ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၀ | မြန်မာဇာတ်လမ်းတွဲ 'ပုဂံမှာမိုးတွေရွာတုန်းက' (ဇာတ်သိမ်းပိုင်း) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဘဝနှင့်အနုပညာ |
| ၂၁:၃၀ | ဆေးရောင်စုံရုပ်ရှင် 'ညမင်းသား' |

**mitv**

| | |
|---|---|
| 07:02 | Evergreen Classic; Te Ja Su Ne Ma (Tekkatho Lei Lei) |
| 07:09 | Ananda Temple |
| 07:48 | A Traditional Food in Bagan: Pone Ye Gyi |
| 08:01 | News |
| 08:27 | The Yangon Zoo & The Adorable Lady Elephant "Mo Mo" |
| 08:50 | Views of Yangon; The Grand Opening of Wazira Red Carpet Theatre |
| 09:01 | Shining Stars (Ep-10) |
| 09:37 | Today Myanmar |
| 09:50 | Ngapali Beach:Fishing Villages |
| 10:01 | News |

**Me**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ |
| ၀၆:၂၀ | ချစ်စရာအရွယ်ကစားကြမယ် |
| ၀၆:၅၀ | မြန်မာသံစဉ်တေးများ |
| ၀၇:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဝံဒီဝ်ဝတ်ပါ' (အပိုင်း-၈၃) |
| ၀၇:၄၅ | စတီရီယိုတေးများ |
| ၀၈:၁၅ | မြန်မာဇာတ်လမ်းတွဲ 'ပိန်းကြာဝက်၌တင်သောရေ' (အပိုင်း-၁၀) |
| ၀၈:၄၅ | 'ကလျာဏဇာတ်တော်' (ကောင်းသောအသံကိုမကွယ်စေတတ်သောနိမိတ်) (အပိုင်း-၂) |
| ၀၉:၅၀ | မြန်မာရုပ်ရှင်(ဆေးရောင်စုံ) 'အချစ်အိပ်ကလေး' |

**MRTV NRC**

ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
ဆီးချိုရောဂါအတွက် စားပေးသင့်သောသစ်သီးများ

ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)
တိုးတက်မြင့်တင် ချင်းတောင်တန်းက စိုက်ပျိုးစီးပွား အသွင်အပြင်

မွန် (၀၈:၀၀ မှ ၁၀:၀၀)
ကျန်းမာရေးအတွက် ငှက်သိုက်ပေါင်းရည်

ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
ရှေ့တံခါးမြို့သို့အလည်တစ်ခေါက်

ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)
ငါးပေါင်းအစားအစာ

ဝ (၁၄:၀၀ မှ ၁၆:၀၀)
စားမြိန်ဖွယ်ရာပျိုတို့လက်ရာ

ကချင် (၁၆:၀၀ မှ ၁၈:၀၀)
စီးပွားဖြစ်တဲ့ငှက်ပျောခင်း

ကယား (၁၈:၀၀ မှ ၂၀:၀၀)
ကယားရိုးရာဝက်သားနဲ့ဖက်ခါးရွက်ဝါးမီးကင်

ပအိုဝ်း/ကရင် (၂၀:၀၀ မှ ၂၁:၀၀)
စာပေစကားပြောကြရအောင် (အပိုင်း-၁)

အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
တောလိုက်ထွက်ကြရအောင်

အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)
ဒေါင်ဒင်အင်းနှင့် စုပေါင်းငါးဖမ်းပွဲတော်

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၀၅ | လှုပ်လှုပ်ရှားရှားအားကစား |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၈:၄၅ | Next Level |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၉:၄၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၄၅ | စူးစမ်းရှာဖွေရေးဟောင်းအဖွေ |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (Repeat) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (9.8.2026) |

**MRTV FARMERS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | သမဝါယမအသင်းများစုဖွဲ့လို့ မျှစ်ကုန်ကြမ်းများပိုမိုထုတ်လုပ်စို့ |
| ၀၇:၀၀ | ပြည်တွင်းထုတ်ကုန် ကျားပူးအသင့်စား ခေါက်ဆွဲခြောက်လုပ်ငန်း |
| ၀၈:၀၀ | ပထမဆုံး AI နည်းပညာဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ |
| ၀၉:၄၀ | စိုက်မွေးကဏ္ဍအတွက် ရေသည်အသက် ရေသည်ရိက္ခာ |
| ၁၀:၃၀ | စမ်းရေပမာ ပိမေတ္တာ (ရေဒီယိုဇာတ်လမ်း) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက် လမ်းပြကြယ် |
| ၀၆:၄၅ | Weekly Sports Info |
| ၀၇:၄၀ | Weekend Sports News |
| ၀၈:၀၀ | (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (အမျိုးသမီး) ကွင်းသွင်းခြင်းဝတ်ပြိုင်ပွဲ ငွေတံဆိပ်ဆုရ (Replay) |
| ၁၉:၀၀ | အားကစားသတင်း |

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## မရမ်းကုန်းခရိုင် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှု အမှတ် -၁၅၈

ဦးနေဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဇေယျာထွန်း) **နှင့်** ၁။ ဦးချစ်အေး ၂။ ဒေါ်သင်းလှိုင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ဘုမ္မာ(၂) လမ်း၊ အမှတ် ၁၀၆၅ ဒ နေ (၁)တရားပြိုင် ဦးချစ်အေး၊ (၂)တရားပြိုင် ဒေါ်သင်းလှိုင် (ယခုနေရပ်လိပ်စာ မသိသူများ)သိစေရမည်။

သင့်အပေါ်၌ တရားလို က ပဋိညာဉ်ပါကတိအတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၊ ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီ တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက် တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက် တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဇော်ထွန်း)**
**ခရိုင်တရားသူကြီး**
**မရမ်းကုန်းခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အထက (၅)၊ မရမ်းကုန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်အေးအေးနု၏ ဖခင် ဦးဖိုးကျော်(ခ)ဦးဘိုးကျော် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖိုးကျော်(ခ)ဦးဘိုးကျော်**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အထက (၅) မရမ်းကုန်းတွင် တာဝန်ထမ်းဆောင်နေသော အလယ်တန်းပြဆရာ ဦးသန်းရွှေ၏ ဖခင်အမည်မှန်မှာ ဦးမြဦး ဖြစ်ပါကြောင်း။

**ဦးမြဦး**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးငွေအောင်၏ သမီး ကျွန်မ အေးအေးမွန် (၁၂/မဂတ (နိုင်)၀၈၀၂၀၉)၏ နိုင်ငံကူးလက်မှတ် အမှတ် (MB 442948)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၅၁၄၂၁၅၃**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၂၉-၇-၂၀၂၆)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၉) တွင်ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ အောင်သစ္စာ(၆)၊ အမှတ်(၇၈၂/ခ)၊ မြေညီထပ် ခိုးပါ တိုက်ခန်းကြော်ငြာတွင် ဒေါ်မေသဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ အစား ဦးဇော်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ်-၁၇၃(က) ကဘင်းကွင်း၊ မြေကွက်အမှတ်(၂)၊ မြေဧရိယာ (၁ ဒသမ ၈၃) ဧကအား မြေငှားဂရန် အမှုတွဲအမှတ် ၆၂/၂၀၁၅- ၂၀၁၆ အရ ဦးမောင်လွင်၊ ဦးထွန်းထွန်းဝင်း အမည်ဖြင့် ရရှိခဲ့ပြီး (၁၅-၁၀-၂၀၂၅) ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား စက်မှု/စီးပွားမြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဦးမောင်လွင် ၆/မအရ(နိုင်)၀၈၃၅၈၆၊ ဦးထွန်းထွန်းဝင်း ၆/မအရ(နိုင်)၀၀၀၆၁၈ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ်-၁၇၃(က) ကဘင်းကွင်း၊ မြေကွက်အမှတ်(၁)၊ မြေဧရိယာ (၁ ဒသမ ၈၃) ဧကအား မြေငှားဂရန် အမှုတွဲအမှတ်၊ ၆၁/၂၀၁၅- ၂၀၁၆ အရ ဦးမောင်လွင်၊ ဦးထွန်းထွန်းဝင်း အမည်ဖြင့် ရရှိခဲ့ပြီး (၁၅-၁၀-၂၀၂၅) ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား စက်မှု/စီးပွားမြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဦးမောင်လွင် ၆/မအရ(နိုင်)၀၈၃၅၈၆၊ ဦးထွန်းထွန်းဝင်း ၆/မအရ(နိုင်)၀၀၀၆၁၈ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါ ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ(ဘ)ဦးသက်ဦး ၇/ညလပ (နိုင်)၁၀၀၅၆၉ နှင့် (မိ) ဒေါ်ခင်မာချို ၁၂/တမန(နိုင်)၀၈၃၃၁၀၏ သားဖြစ်သူ မောင်သက်ပိုင်ဦး ၁၂/စခန(နိုင်)၀၆၈၀၉၆ သည် မိဘတို့၏ ဆိုဆုံးမှုကို မနာခံဘဲ မိဘနှစ်ပါးအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့် လူမှုရေး၊ ငွေရေးကြေးရေး ကိစ္စအားလုံးတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးသက်ဦး၊ ဒေါ်ခင်မာချို**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၉၄)၊ ယုဇနဥယျာဉ်မြို့တော်၊ အပိုင်း (၃)၊ ပိတောက်လမ်းရှိ တိုက်အမှတ် (၃၆)၊ ၅ ထပ်တိုက်၊ (၄)ခန်းတွဲအဆောက်အအုံ၊ အခန်းအမှတ် (၀၀၁) (မြေညီထပ်)၊ ဧရိယာအကျယ်အဝန်း (၂၂ပေx၆၀ပေ)ရှိ ရေမီးစုံတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်ခင်စန္ဒာဝင်း (၁၀/မဒန(နိုင်)၁၆၆၄၁၂)နှင့် ဒေါ်ခင်မြင့် (၁၀/မဒန(နိုင်)၀၄၅၇၈၄)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမျိုးညွန့်ကြည် (၉/ကပတ (နိုင်)၁၉၃၁၉၃)မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက် အတွင်း တိကျခိုင်လုံသော အထောက်အထား များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဦးမျိုးညွန့်ကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းလဲ့လှိုင် (LL.B, D.B.L)**
**စဉ်-၅၆၇၄၄(အထက်တန်းရှေ့နေ)**
**အမှတ် (၆၁၁)၊ ဗိုလ်ဆွန်ပက်လမ်း၊ (၃၉/အေ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၆၆၁၂၁၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/46688, YAMAHA-R 15,M/C ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းမြေ့အောင် ၁၃/ကလန (နိုင်)၁၅၈၄၂၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံးခွဲ (အောင်ပန်း)**
**အောင်ပန်းမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/49285, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးသူရိန်အောင် ၁၄/ဟသတ(နိုင်) ၂၇၀၄၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ထားဝယ်စုရပ်ကွက်၊ အကွက်အမှတ်-၁၁/၂၈(က) ထားဝယ်စုတောင် ကွက်သစ်ကွင်း၊ ဦးပိုင်အမှတ်(၃၀)၊ မြေဧရိယာ (၀ဒသမ ၀၆၄) ဧကအား မြေငှားဂရန်အမှုတွဲ အမှတ်၊ ၂၇/၂၀၀၉-၂၀၁၀ အရ ဒေါ်မြင့်မြင့်၊ ဒေါ်မီမီအေးနှင့် သမီး(၃)ဦး အမည်ဖြင့်ရရှိခဲ့ပြီး ဒေါ်မီမီအေးပါ(၄)ဦးတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၈/၂၀၂၅)ဖြင့် ဦးသန်းစိုး၊ ဒေါ်မီမီအေးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား(အမည်ပြောင်း) လျှောက်ထား နိုင်ရေး ဦးသန်းစိုး ၆/ပလန(နိုင်)၀၀၂၃၄၇၊ ဒေါ်မီမီအေး ၆/ပလန(နိုင်)၀၀၀၀၂၆ တို့မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ထားဝယ်စုရပ်ကွက်၊ အကွက်အမှတ်-၁၁/၂၈(က) ထားဝယ်စုတောင် ကွင်း၊ မြေကွက်အမှတ်(၆၁)၊ မြေဧရိယာ (၀ဒသမ ၀၅၂) ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၂၆၁/၂၀၁၀-၂၀၁၁ အရ ဦးအောင်မြင့် အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးစိုးမင်းညွန့် ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၂၁/၂၀၂၄) ဖြင့် သမဝါယမဘဏ်လီမိတက် (အများပိုင်ဘဏ်) (ကိုယ်စား) လ/ထအထွေထွေမန်နေဂျာ ဦးဆန်းဦး မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး CB Bank PCL၊ မြိတ်ဘဏ်ခွဲ(ကိုယ်စား) ဘဏ်ခွဲတာဝန်ခံ ဒေါ်သူဇာသန်း ၁၄/ မမန(နိုင်)၀၀၃၀၀၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်စာချုပ်နံပါတ် (၂၀၂၄-၂၀၂၅/ ၇၉၃)၊ ဂရန်အမှုတွဲအမှတ်(055/2024-2025) အရ ဒေါ်ထိုက်နန္ဒာကျော်တို့အမည်ပေါက်လျက်ရှိသော ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ကွင်း/အကွက်အမှတ်နှင့်အမည် - RA-I /ကွက်ပြင်၊ ဦးပိုင်အမှတ် (၆-ဧ) ဟုခေါ်တွင်သော မြေဧရိယာ(၀.၁၆)ဧက အကျယ်အဝန်းရှိ မြေနှင့်ယင်းမြေကွက် ပေါ်တွင်ဆောက်လုပ်ထားသော(၁)ထပ်တိုက် အဆောက်အအုံ(ရေ+မီးမီတာ) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ကြည်ကြည်ဦး(ဘ)ဦးကြည်မောင် (၉/မမန(နိုင်)၀၂၂၅၁၈) မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ နေအိမ်မြေကွက်ကို ဒေါ်ကြည်ကြည်ဦးက ၎င်းတွင်ရောင်းချပိုင်ခွင့်အာဏာ အပြည့်အဝ ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးအေး(ဘ) ဦးသိန်းဆွေ (၉/မရမ(နိုင်)၀၁၇၀၃၉)က အပြီးပိုင်ဝယ် ယူရန်အတွက် စရန်ငွေ တစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း (မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ညွှန်ကြားချက်အရအများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မိုးမိုးအေး**
**၉/မရမ(နိုင်)၀၁၇၀၃၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထက်ဝေလင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ် - ၅၃၄၂၆)**
**အမှတ်(၁၃၈)၊ ရွှေဘိုလမ်း၊ ရပ်ကွက်ကြီး(၅)၊**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၂၉၀၅၅ ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းစိန် ၁၀/သဖရ(နိုင်)၀၇၆၉၈၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 22W/61778 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၄/၆)၊ ဦးပိုင်အမှတ် (၁၃၁-ဃ)၊ ၃၀x၃၁ကြား၊ ၅၈x၅၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးအောင်ထွေး ၉/မရမ(နိုင်)၁၅၉၇၉၉၊ ဒေါ်စန်းမြင့် ၉/မရမ(နိုင်)၀၅၉၇၇၇တို့က အမှုတွဲအမှတ် (၁၆၄၀/၂၀၂၆-၂၀၂၇)ဖြင့်သက်တမ်းတိုး လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

